ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရားကြီး

ရေးသားစီရင်အပ်သော

# ဝိနယသံခိပ် လက်စွဲ

ဘဒ္ဒန္တ ကေလာသ

အဂ္ဂမဟာပဏ္ဍိတ

နဝမ ပဓာန နာယက ဆရာတော်

တည်းဖြတ်သုတ်သင်

စီစဉ်သည်

၁၃၆၀ / ၁၉၉၉

# ဝိနယသံခိပ်လက်စွဲကျမ်း

မာတိကာ


၁။ ဝန္ဒနာပဏာမနှင့်တကွ

သိက္ခာသုံးပါးကိုပြဆိုခန်း

၂။ သိက္ခာသုံးပါး။

၃။ နိဿယလေးပါး

၄။ သင်္ကန်းဟူသော မှီရာနိဿယ

၅။ သပိတ်အပြား၊ ခွက်အပြား

၆။ အကပ်ခံနည်း

၇။ အတိရိတ်ဝိနည်းကံပြုနည်း

၈။ ကာလိကလေးပါးအမြွက်

၉။ အကပ္ပိယ အသားမျိုး

၁၀။ အကပ္ပိယပစ္စည်းမျိုး

၁၁။ ကပ္ပိခြင်း ငါးပါးအမြွက်

၁၂။ ကျောင်းဟူသောမှီရာ နိဿယအမြွက်

၁၃။ ဆေးဟူသော မှီရာနိဿယ အမြွက်

၁၄။ အမှီလေးပါး

၁၅။ ပါရာဇိကလေးပါး

၁၆။ သံဃာဒိသိသ်

၁၇။ နိဿဂ္ဂိယ

၁၈။ သုဒ္ဓပါစိတ်

၁၉။ သေခိယ

၂၀။ သမုဋ္ဌာန်စသည်

၂၁။ အဓိကရုဏ်းလေးပါး

၂၂။ သမထခုနစ်ပါး

၂၃။ အာပတ်ကုစားနည်းများ

၂၄။ သံဃာဒိသိသ် အာပတ်ကုစားနည်း

၂၅။ ကြွင်းသော အာပတ်ငါးပါး ကုစားနည်း

၂၆။ သာမဏေရ ပဗ္ဗဇ္ဇကံ ဆံရိတ်ခြင်း

၂၇။ ဥပသမ္ပဒကံ

၂၈။ နိဿယမုတ္တအင်္ဂါ

၂၉။ ဥပဇ္ဈာယ် နိဿယည်း အမြွက်

၃၀။ သိမာဝိနိစ္ဆယ

၃၁။ ဥပုသ် ပဝါရဏာ

၃၂။ ဥပုသ် ပဝါရဏာပြုပုံ

၃၃။ ဝါဆိုခန်း

၃၄။ ကထိန်ခန်း

နိဂုံးနှင့်ပတ္ထနာ


ဝိနယသံခိပ်လက်စွဲကျမ်း မာတိကာပြီးပြီ။

--------- * ---------

# ဝိနယသံခိပ်လက်စွဲကျမ်း

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

## ၁။ ဝန္ဒနာပဏာမနှင့်တကွ သိက္ခာသုံးပါးကိုပြဆိုခန်း

၁။ ဘုရားတရား၊ သံဃာအား၊ သုံးပါးဝန္ဒနာ။

## ၂။ သိက္ခာသုံးပါး။

၂။ ရဟန်းတရား၊ အမြတ်ထား၊ သုံးပါးကျင့်သိက္ခာ။

၃။ အာဒိဗြဟ္မ၊ စရိယနှင့်၊ အာဘိသမာစာရိယ၊ ဤနှစ်ဝ၊ သီလသာသနာ။

၄။ နှစ်ရာ့နှစ်ဆယ်၊ ခုနှစ်သွယ်၊ အကျယ်အာဒိသာ။

၅။ ခန္ဓကဝတ်၊ အကျင့်မြတ်၊ မှတ်လေဘိသမာ။

၆။ အာဘိသမာစာရီ၊ မပြည့်ဘိ၊ အာဒိကြောင်မြဲသာ။

၇။ သမာပတ္တိ၊ ရှစ်ပါးရှိ၊ အဓိစိတ္တသာ။

၈။ ဝိပဿနာသုံးတန်၊ မင်္ဂဖိုလ်ဉာဏ်၊ အမှန်ဓိပညာ။

၉။ သိက္ခာလိုလား၊ အမျိုးသား၊ ကြိုးစားကျင့်ကြရာ။

၁၀။ ရဟန်းဖြစ်စ၊ ဓိသီလ၊ ပြပိမ့်ရှေးဦးစွာ။

၁၁။ သိက္ခာလိုလား၊ မျိုးကောင်းသား၊ ကျိုးများစေဖို့ရာ။

ဝန္ဒနာပဏာမနှင့်တကွ သိက္ခာသုံးပါးကို

ပြဆိုခန်းပြီး၏။

----- * -----

## ၃။ နိဿယလေးပါး

၁၂။ သင်္ကန်း ပစ္စေး၊ ဆွမ်းပစ္စေး၊ ကျောင်းဆေးမှီလေးဖြာ။

## သင်္ကန်းကိုးထည်သရုပ်

၁၃။ သင်း ကိုယ် ဒု အိပ်၊ မျက် ပရိက်၊ နိသိဒ် မိုဃ်း အမာ။

၁၄။ ရှေ့ခြောက်ထည်လျှင်၊ ယခုမြင်၊ မထင်နောက်သုံးမှာ။

## သင်္ကန်းအဓိဋ္ဌာန်တင်နည်း

၁၅။ အလျား ရှစ်သစ်၊ နံ လေးသစ်၊ ရှင်ချစ် လက်တော်သာ။

၁၆။ အလျား တောင်မှန်၊ ထွာအနံ၊ ခေါ်ရန် မဇ္ဈိမာ။

၁၇။ မဇ္ဈိမတွင်၊ ထက်ဝက်တွင်၊ မျက်မြင်ငါတို့မှာ။

၁၈။ ဓိဋ္ဌာန် ဝိကပ်၊ လောက်ပြီမှတ်၊ အာပတ် ဝတ္ထုလာ။

၁၉။ ကိုယ်ပိုင် သန္တက၊ ရသည်မှ၊ ဒသ ရက်တွင်းမှာ။

၂၀။ ဓိဋ္ဌာန်တင်မှု၊ ဝိကပ်မှု၊ မပြုအာပတ်လာ။

၂၁။ ပရိက္ခာရ၊ စောဠအမည်၊ သူ့အမည်၊ နှစ်ထည် အဓိဋ္ဌာ။

၂၂။ ပရိက္ခာရ၊ စောဠအသုံး၊ ကိုးထည်လုံး၊ ရှေ့ထုံးအစဉ်လာ။

၂၃။ ကိုယ် နှုတ် နှစ်ပြင်၊ တစ် အင်အင်၊ တင်လေ အဓိဋ္ဌာ။

၂၄။ နီး ဝေး နည်း များ၊ လေးထွေပြား၊ ခြားတုံ့ အဆိုမှာ။

၂၅။ ဣဒံ ဣမာနိ၊ ဧတံ ဧတာနိ၊ ဆိုရိုးရှိ၊ နီးဘိ နှစ်တောင့်ထွာ။

**နှစ်တောင်ထွာအတွင်း အနီးတစ်ထည်ကို**

ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။

**နှစ်ထည်သုံးထည် အများကို**

ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။

**နှစ်တောင့်ထွာမှအပ အဝေးတစ်ထည်ကို**

ဧတံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။

**နှစ်ထည်သုံးထည်အများကို**

ဧတာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။
ဟုဆို၍ အဓိဋ္ဌာန်တင်လေ။

၂၆။ ပရိက္ခာရ၊ စောဠတင်မူ၊ သက်န်းစု၊ ပြုဖွယ် ထူးမလာ။
၂၇။ သူ့အမည်နှင့်၊ တင်တုံလင့်၊ ကျင့်ဝတ် အဖြာဖြာ။
၂၈။ သင်း ကိုယ် ဒု မိုယ်း၊ မာ နိ မျိုး၊ တင်ရိုး ဧက်စီသာ။
၂၉။ လျားနံ ပမာဏ၊ ပြည့်မှီမှ၊ တင်ရ ခြောက်ထည်မှာ။
၃၀။ ငါးတောင်တောင့်ဆုပ်၊ သုံးတောင်ဆုပ်၊ ဒုကုဋ် ကိုယ်ရုံမှာ။
၃၁။ အလျားထိုပဟာန်၊ နှစ်တောင်နံ၊ တင်ရန်သင်းပိုင်မှာ။
၃၂။ နှစ်ထွာ ထွာခွဲ၊ မြိတ်ဆာတွဲ၊ လုပ်မြဲ နိသိဒ်မှာ။
၃၃။ လေးနှင့်နှစ်တန်၊ ထွာတော်မှန်၊ ကဏ္ဍုပ္ပဋိစ္ဆာ။
၃၄။ ခြောက်ထွာရှည်နွဲ၊ နှစ်ထွာခွဲ၊ လုပ်မြဲ မိုယ်းရည်မှာ။
၃၅။ ပရိက် အိပ် မျက်၊ ဤသုံးချက်၊ မမြွက်လျားနံမှာ။
၃၆။ သုံးထည်အရိုး၊ ကောင်းစွာဆိုး၊ မာ မိုယ်းသင့်ရုံသာ။
၃၇။ ကပ္ပဗိန္ဒု၊ ထိုးရိုး ပြု၊ သင်း ဒု ကိုယ် မိုယ်း မာ။
၃၈။ ဓိဋ္ဌာန်ပဟောင်းပစ်၊ စွန့်ပြီးလစ်၊ အသစ်တင်မြဲသာ။

**အနီးဒုကုဋ်ကို ပစ္စုဒ္ဓိရ်ပြုပုံ**

ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ။

**အနီးဒုကုဋ်ကို အဓိဋ္ဌာန်တင်ပုံ**

ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။

**အဝေးဒုကုဋ်ကို ပစ္စုဒ္ဓိုရ်ပြုပုံ**

ဧတံ သံဃာဋိံ ပစ္စုဒ္ဓရာမိ။

**အဝေးဒုကုဋ်ကို အဓိဋ္ဌာန်တင်ပုံ**

ဧတံ သံဃာဋိံ အဓိဋ္ဌာမိ။

**အနီး ကေသီကို ပစ္စုဒ္ဓိုရ်ပြုပုံ**

ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ။

**အနီး ကေသီကို အဓိဋ္ဌာန်တင်ပုံ**

ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။

**အဝေး ကေသီကို ပစ္စုဒ္ဓိုရ်ပြုပုံ**

ဧတံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ။

**အဝေး ကေသီကို အဓိဋ္ဌာန်တင်ပုံ**

ဧတံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။

**အနီးသင်းပိုင်ကို ပစ္စုဒ္ဓိုရ်ပြုပုံ**

ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ။

**အနီးသင်းပိုင်ကို အဓိဋ္ဌာန်တင်ပုံ**

ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ။

**အဝေးသင်းပိုင်ကို ပစ္စုဒ္ဓိုရ်ပြုပုံ**

ဧတံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ။

**အဝေးသင်းပိုင်ကို အဓိဋ္ဌာန်တင်ပုံ**

ဧတံ အန္တရဝါသကံ အဓိဋ္ဌာမိ။

**<u>အနီး မိုဃ်းရေခံသင်္ကန်းကို ပစ္စုဒ္ဓိုရ်ပြုပုံ</u>**

ဣမံ ဝဿိကသာဋိကံ ပစ္စုဒ္ဓရာမိ။

**<u>အနီးမိုဃ်းရေခံသင်္ကန်းကို အဓိဋ္ဌာန်တင်ပုံ</u>**

ဣမံ ဝဿိကသာဋိကံ အဓိဋ္ဌာမိ။

**<u>အဝေးမိုဃ်းရေခံသင်္ကန်းကို ပစ္စုဒ္ဓိုရ်ပြုပုံ</u>**

ဧတံ ဝဿိကသာဋိကံ ပစ္စုဒ္ဓရာမိ။

**<u>အဝေးမိုဃ်းရေခံသင်္ကန်းကို အဓိဋ္ဌာန်တင်ပုံ</u>**

ဧတံ ဝဿိကသာဋိကံ အဓိဋ္ဌာမိ။

**<u>အနီးအမာလွှမ်းသင်္ကန်းကို အဓိဋ္ဌာန်တင်ပုံ</u>**

ဣမံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ ပစ္စုဒ္ဓရာမိ။

**<u>အနီးအမာလွှမ်းသင်္ကန်းကို အဓိဋ္ဌာန်တင်ပုံ</u>**

ဣမံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ အဓိဋ္ဌာမိ။

**<u>အဝေးအမာလွှမ်းသင်္ကန်းကို ပစ္စုဒ္ဓိုရ်ပြုပုံ</u>**

ဧတံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ ပစ္စုဒ္ဓရာမိ။

**<u>အဝေးအမာလွှမ်းသင်္ကန်းကို အဓိဋ္ဌာန်တင်ပုံ</u>**

ဧတံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ အဓိဋ္ဌာမိ။

၃၉။ သုံးထည်ကိုလျှင်၊ အမည်တင်၊ ညဉ့်ပင် မကင်းရာ။
၄၀။ ဌာနဆဲ့ငါး၊ ဝေဖန်ထား၊ များလှဆိုခွင့်မှာ။
၄၁။ မိုဃ်းလေးလတွင်၊ မိုဃ်းကိုတင်၊ လွန်လျှင် ဝိကပ္ပါ။
၄၂။ အနာရှိလျှင်၊ မာ ကိုတင်၊ လွန်လျှင် ဝိကပ္ပါ။

၄၃။ နိသီဒန၊ တင်တုံက၊ လေးလ မကင်းရာ။

၄၄။ ပေးစွန့် ခိုးယူ၊ ကျွမ်းဝင်ယူ၊ လူထွက် ချသိက္ခာ။

၄၅။ သေဆုံး လိင်ပြန်၊ ပစ္စုဒ္ဓံ၊ ရှစ်တန် ကျဓိဋ္ဌာ။

၄၆။ သင်း ကိုယ် ဒု အား၊ ပေါက်မှုပွား၊ ကိုးပါး ကျကြောင်းလာ။

သင်္ကန်းအဓိဋ္ဌာန်တင်နည်းပြီး၏။

-------------------

## သင်္ကန်း ဝိကပ္ပနာပြုနည်း

၄၇။ ပရမ္မုခါ၊ သမ္မုခါ၊ နှစ်ဖြာ ဝိကပ္ပ။

၄၈။ ဝိနည်းမိုရ်ပါး၊ ချဉ်းကပ်ပြော၊ နှစ်ပါးပြုဖို့ရ။

## အနီးတစ်ထည် အနည်း ဝိကပ္ပနာပြုပုံ

* ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ။

## အနီးအများ ဝိကပ္ပနာပြုပုံ

* ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ။

## အဝေးတစ်ထည် အနည်း ဝိကပ္ပနာပြုပုံ

* ဧတံ စီဝရံ တုယှံ ဝိကပ္ပေမိ။

## အဝေးအများ ဝိကပ္ပနာပြုပုံ

* ဧတာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ။

၄၉။ ဝိနည်းလိမ္မာ၊ မြတ်ဆရာ၊ ပြန်ပါ ဝိကပ္ပ။

## ဝိနည်းမိုရ် ဆရာက ဝိကပ္ပနာပြန်ပုံ

* မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ။

၅၀။ သိတင်းဖော်မှန်၊ သမ္ပဒါန်၊ ငါးတန်လိုရာပြ။

**သီတင်းသုံးဖော်အား သမ္ဘဒါန်ထား၍ ဝိကပ္ပနာပြုပုံ**

* ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဝိကပ္ပေမိ။

* ဣမံ စီဝရံ တိဿဿ သာမဏေရဿ ဝိကပ္ပေမိ။

**ဝိနည်းမိုရ် ပုဂ္ဂိုလ်က ဝိကပ္ပနာပြန်ပုံ**

* တိဿဿ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ။

၅၁။ ကိုယ်မပြုပဲ ၊ သူ့ကိုလွှဲ၊ ခေါ်မြဲ ပရမ္မုခ။

**ကိုယ်တိုင်မပြုပဲ ဝိနည်းမိုရ် ပုဂ္ဂိုလ်ကို လွှဲအပ်၍ ဝိကပ္ပနာ ပြုမှုလွှဲအပ်ပုံ**

* ဣမံ စီဝရံ ဝိကပ္ပနတ္ထာယ တုယှံ ဒမ္မိ။

**ဝိနည်းမိုရ် ပုဂ္ဂိုလ်က ဝိကပ္ပနာပြုပုံ**

* အဟံ ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဒမ္မိ။

**ဝိနည်းမိုရ် ပုဂ္ဂိုလ်က ဝိကပ္ပနာပြုပုံ**

* တိဿဿ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရာဟိ။

၅၂။ ဝိကပ်ပြန်တုံ၊ ဆောက်နှင်းပုံ၊ ဝတ်ရုံပေးစွန့်ရ။

သက်န်း ဝိကပ္ပနာပြုနည်း ပြီး၏။

-----------

## ၄။ သက်န်းဟူသော မှီရာနိဿယ

၅၃။ သင်း ကိုယ် ဒု မိုယ်း၊ မာ ငါးမျိုး၊ ထိုးလေ ဗိန္ဒုညှင်း။

၅၄။ ကြေးညို သစ်စိမ်း၊ ရွှံ့ညွန်လိမ်း၊ ခပ်သိမ်း မည်းနက်ဆင်း။

၅၅။ သင်္ကန်းထောင့်မှာ၊ တစ်ခုသာ၊ ပမာ ဒေါင်းမျက်ကွင်း။
၅၆။ သမန်းမျက်ဖျား၊ အငယ်ထား၊ အပ်ကြား ဗိန္ဒုညှင်း။

## အကပ္ပိယ ဆိုးရည်ကိုးမျိုး

၅၇။ နံနွင်း ထန်းကျင့်၊ ဆူးပန်းပွင့်၊ ပေါက်ပွင့် ပိန္နဲနွယ်။
၅၈။ ကြပိုင် ဒေါက်ရပ်၊ မဲ ဒန်းမှတ်၊ မအပ်ဆိုးရည်ဝယ်။

## ဇာတိဘေဒသင်္ကန်း ခြောက်ထည်

၅၉။ ခုံ ပိုး ဝါ ဘန်၊ ကမ္ဗလံ၊ ပိုက်ဆံ ချည်ခြောက်ပါး။

## အနုလောမ သင်္ကန်းခြောက်ထည်

၆၀။ ပဋ္ဋုဏ် စိန၊ သောမာရ၊ ကုလ နတ်လျှုံပြား။
၆၁။ ဗေဟိ ဘွဲ့၊ တန်ခိုးကြုံ၊ နုလုံ ခြောက်ထည်ပြား။
သင်္ကန်းဟူသော မှီရာနိဿယပြီး၏။

-------------------

## ၅။ သပိတ်အပြား၊ ခွက်အပြား

၆၂။ မြေ သံ နှစ်ရပ်၊ သပိတ်အပ်၊ ကြီး လတ် ငယ်သုံးစား။
၆၃။ သုံးပြည့်တစ်ခွက်၊ နှစ်ကြိမ်ဝက်၊ ချင့်တွက်အမှန်ထား။
၆၄။ ဥက္ကဋ္ဌ မဇ္ဈ၊ ဩမကာ၊ နာမအစဉ်အား။
၆၅။ သုံးလုံးအနေ၊ သုံးစီဝေ၊ ကိုးထွေ သပိတ်ပြား။
၆၆။ စ ဆုံး ကြီး ငယ်၊ နှစ်လုံးပယ်၊ အလယ် ခုနှစ်ပါး။
၆၇။ မိဋ္ဌာန် ဝိကပ်၊ လောက်သည်မှတ်၊ တင်အပ် တစ်လုံးငြား။
၆၈။ ဖုတ်သားကောင်းလျက်၊ အဆင်းနက်၊ ချောညက်
မိဋ္ဌာန်နား။

၆၉။ တစ်လုံးတင်ဘိ၊ အကြွင်းရှိ၊ ဝိကပ် ပြု၍ထား။
၇၀။ ဓိဋ္ဌာန်ဝိကပ်၊ ပစ္စုဒ္ဓပ်၊ ကျလတ် သင်္က်နီးလား။
၇၁။ ဆပ် ဆန် ထမင်း၊ ဝင်လောက်လျှင်း၊ ပေါက်ခြင်း ကျကြောင်းထား။
၇၂။ စ ဆုံးနှစ်တန်၊ ဆွမ်းမခံ၊ သုံးရန်အိုးခွက်လား။

**<u>သပိတ်ကို ပစ္စုဒ္ဓိုရ် ပြုပုံ</u>**

ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ။

**<u>သပိတ်ကို အဓိဋ္ဌာန်တင်ပုံ</u>**

ဣမံ ပတ္တံ အဓိဋ္ဌာမိ။

**<u>သပိတ်ကို ဝိကပ္ပနာပြုပုံ</u>**

ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ။
ဣမေ ပတ္တေ တုယှံ ဝိကပ္ပေမိ။

**<u>သပိတ်ကို ဝိကပ္ပနာပြန်ပုံ</u>**

မယှံ သန္တကံ ပရိဘုဉ္စဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ။

သပိတ်အများဖြစ်မူ “မယှံ သန္တကာနိ” ဟုပြင်ဆိုရုံမျှသာ ထူး၏။

၇၃။ ကြေးနီ မြေ သံ၊ ဤသုံးတန်၊ စားရန် ခွက်သုံးပါး။
သပိတ်အပြား၊ ခွက်အပြား ပြီး၏။

---------- * ---------

## ၆။ အကပ်ခံနည်း

၇၄။ နှစ်တောင့်ထွာမှတ်၊ ဟတ္ထပါသ်၊ ပညတ် ဝိနည်းလာ။
၇၅။ ပေး ယူ လက်နှစ်၊ ကြဉ် ပယ်ပစ်၊ ကြွင်းလစ် ကိုယ်အင်္ဂါ။
၇၆။ ဟတ္ထပါသ်တွင်း၊ ဝင်တုံလျှင်း၊ ကပ်ခြင်း မြောက်ထိုက်စွာ။
၇၇။ ပေးခြင်းသုံးတန်၊ ခံခြင်းနှစ်ပါး၊ စိတ်နှစ်ပါး၊ စုံငြားကပ်အင်္ဂါ။
၇၈။ ထယမမမွှေ၊ ချိကြွနိုင်ဖွယ်၊ မြူရထရ်၊ အတွယ်မရှိရာ။
၇၉။ အမိဌာန်ပျက်၊ အင်ရှစ်ချက်၊ ကပ်ပျက်ကြောင်းအင်္ဂါ။
၈၀။ မရွေ့ဌာန၊ ကိုင်ရုံမျှ၊ ဒုရုပစိတ္တာ။
၈၁။ တည်ရာဌာန၊ ရွေ့စေက၊ ဥဂ္ဂဟိတကာ။

အကပ်ခံနည်းပြီး၏။

------------

## ၇။ အတိရိတ်ဝိနည်းကံပြုနည်း

၈၂။ ထမင်း မုန့် ငါး၊ အမဲသား၊ ငါးပါး ဘောဇဉ်စစ်။
၈၃။ သလေးမျိုးနှင့်၊ ကောက်မျိုးအများ၊ ဂျုံ စပါး၊ တစ်ပါး တနတ်ကောက်မျိုး။
၈၄။ ပြောင်းနှင့်လူး ဆပ်၊ ခုနှစ်ရပ်၊ ပညတ် စပါးမျိုး။
၈၅။ စားစဉ် ဘောဇဉ်၊ ပါသ်တွင်းဝင်၊ ဆောင်စဉ် ကိုယ်နှုတ်ပြစ်။
၈၆။ အင်္ဂါငါးလီ၊ ပြည့်စုံညီ၊ သင့်ပြီ ပဝါရေတ်။
၈၇။ နေရာမရွေ့၊ ထိုသည်နေ့၊ လိုရွေ့စားထိုက်ငြား။
၈၈။ နေရာရွေ့မိ၊ စားလိုဘိ၊ ဝိနည်းကံနှင့်စား။
၈၉။ အတိရိတ္တံ၊ ဝိနည်းကံ၊ ပြုရန်အင်္ဂါသတ်။
၉၀။ ကပ္ပိယမှန်၊ အကပ်ခံ၊ ချီပြန် ဟတ္ထပါသ်။
၉၁။ နေရာမထ၊ စားပြီးမှ၊ အလမေတံရွတ်။

## ဝိနည်းခိုရ်ထံ အတိရိတ်ဝိနည်းကံပြုပုံ

အတိရိတ္တံ ကရောထ ဘန္တေ။

## ဝိနည်းခိုရ်က အတိရိတ်ပြုပုံ

အလမေတံ သဗ္ဗံ။

အတိရိတ် ဝိနည်းကံပြုနည်း ပြီး၏။

---------------

## ၈။ ကာလိကလေးပါးအမြွက်

၉၂။ ယာဝ ယာမ၊ သတ္တာဟာ၊ ယာဝ ဇီဝိကာ။

၉၃။ ကပ်ပြီးသည်မှ၊ ထိုလေးဝ၊ ကာလပိုင်းခြားရာ။

၉၄။ ထိုနေ့နံနက်၊ ယာမ်သုံးချက်၊ ရက်ခွန် သက်ဆုံးသာ။

၉၅။ အရပ်တိုင်းမှာ၊ အာဟာရကိစ္စ၊ စားရိုးကျ၊ ယာဝ ကာလိကာ။

၉၆။ ဘောဇဉ်ခဲဖွယ်၊ အသွယ်သွယ်၊ အကျယ်များလှစွာ။

## အဖျော်ရှစ်မျိုး

၉၇။ သပြေ သရက်၊ မုဒြက်၊ ဖက်သက် သစ်မည်စည်။

၉၈။ ငှက်ပျောနှစ်မျိုး၊ ကြာစွယ်တိုး၊ ရှစ်မျိုးအဖျော်ရည်။

## သီးကြီးကိုးမျိုး

၉၉။ ထန်း အုန်း နှစ်ကွဲ၊ ပိန္နဲနှစ်ပါး၊ သုံးသခွါး၊ နှစ်ပါးဗူး ဖရုံ။

၁၀၀။ သီးကြီးကိုးပါး၊ ပဲမျိုးများ၊ စပါး ခုနစ်မည်။

၁၀၁။ အလျော်စပါး၊ လေးမျိုးအား၊ ရှောင်ရှားအဖျော်ရည်။

## သတ္တာဟကာလိက

၁၀၂။ ထော ဆီ ဆီ ပျား၊ တင်လဲအား၊ ငါးပါး သတ္တာဟ။

၁၀၃။ ကြံရည်၌မူ၊ ရေစင်ကူ၊ မာသူ အပ်သည်သာ။

## ယာဝဇီဝိတ

၁၀၄။ အရပ်တိုင်းမှာ၊ အာဟာရကိစ္စ၊ မစားကြ၊ ယာဝ ဇီဝိတာ။

၁၀၅။ ဆီးဖြူ ရှိရှား၊ သဖန်းခါး၊ များ၏ အနန္တာ။

၁၀၆။ အကပ်နှင့်တကွ၊ သူ့ကာလ၊ လွန်ကသန္နိဓာ။

၁၀၇။ အတို အရှည်၊ ရောမိချေ၊ အရှေသူ့ဖက်ပါ။

ကာလိကလေးပါးအမြွက်ပြီး၏။

-------------

## ၉။ အကပ္ပိယ အသားမျိုး

၁၀၈။ လူ ခွေး မြင်း ဆင်၊ သစ် ကျား ခြင်၊ ဝံလျှင် အောင်း မြွေမျိုး။

၁၀၉။ ရိုး ရေ သား သွေး၊ အမွေးတို့ပါ၊ မသုံးရာ၊ ဆယ်ဖြာ အသားမျိုး။

၁၁၀။ လူမှာ ထုလ္လစ္စဉ်း၊ အကြွင်းဒုက္ကဋ်၊ ထောပတ်တမူ၊ သားဆီဟူ၊ လူကြဉ်သုံးအပ်ကိုး။

၁၁၁။ ဆင်ခြင်မဲ့ပါ၊ ဆဲ့တစ်ဖြာ၊ အာပတ် အစိတ်မျိုး။

၁၁၂။ သိတင်းငါးရပ်၊ ရည်၍ အပ်၊ မအပ် ထိုအသား။

၁၁၃။ မြင်ခြင်း ကြားခြင်း၊ ယုံမှားခြင်း ကင်းစေ စွန်းသုံးပါး။

အကပ္ပိယအသားမျိုးပြီး၏။

---------- * ----------

## ၁၀။ အကပ္ပိယပစ္စည်းမျိုး

၁၁၄။ သီး ပွင့် ကသော၊ မြေ ဒန်ပူ ဝါး၊ဆေးဝါး စေခံ လာဘ်ငဲ့မှန်၊ ဒူသန် ကုလရှစ်။
၁၁၅။ ကုလ ဒူသန်၊ အင် ရှစ် တန်၊ နေသန် နှစ်ဆယ့်တစ်။
၁၁၆။ ရွှေ ငွေ ခံပြား၊ ဈာန် မဂ်ကြား၊ ဆေးဝါး ဗေဒင်ဖြစ်။
၁၁၇။ မိစ္ဆာဇီဝ၊ ဟောဖော်ပြ၊ တစ်ရာ့ငါးဆယ့်နှစ်။
၁၁၈။ ထိုနှင့်ရလတ်၊ ပစ္စည်းရပ်၊ မအပ်ကြဉ်ပယ်ပစ်။

အကပ္ပိယပစ္စည်းမျိုးပြီး၏။

-----------------

## ၁၁။ ကပ္ပိခြင်း ငါးပါးအမြွက်

၁၁၉။ ပင်စည် အမြစ်၊ အဆစ် ညွန့်ဖျား၊ အစေ့အား၊ ငါးပါး ဗီဇဂါမ်။
၁၂၀။ ဖျက်ဆီးတုံလတ်၊ သင့်ဒုက္ကဋ်၊ ငါးရပ်လွတ်ကြောင်းဖန်။
၁၂၁။ မီး, ဓါး, လက်သဲ၊ ကပ္ပိနဲ၊ နုဆဲ ပယ်နုတ်ခံ။
၁၂၂။ လူ သာမဏေ၊ ကပ္ပိစေ၊ လွတ်လေ မျိုးသန္တာန်။
* ကပ္ပိစေလိုသောရဟန်းက "ကပ္ပိယံ ကရောဟိ" ဟုဆို။
* လူ သာမဏေက "ကပ္ပိယံ ဘန္တေ" ဟုဆိုရမည်။
၁၂၃။ မီးနှင့် တို့လင့်၊ ပူရှိန်သင့်၊ အခွင့် လျော်လောက်တန်။
၁၂၄။ ပြတ်ရာ ပေါက်ရာ၊ ထင်မှသာ၊ မြောက်ရာ ဓားလက်တံ။
၁၂၅။ တစ်ခုမိက၊ တောင်ရှိများစေ၊ ထိစပ်ပေ၊ မြောက်လေ ကပ္ပိယံ။

ကပ္ပိခြင်းငါးပါး အမြွက် ပြီး၏။

ဆွမ်းဟူသော မှီရာ နိဿယ အမြွက်ပြီး၏။

---------- * ----------

## ၁၂။ ကျောင်းဟူသောမှီရာ နိဿယအမြွက်

၁၂၆။ ဂဟေပတိ၊ သမ္မုတိ၊ ဂေါနိဿဒိကာ။

၁၂၇။ ဥဿာဝနန္တိ၊ အမည်ရှိ၊ ကုဋိ လေးပါးဖြာ။

၁၂၈။ ရဟန်း ဥစ္စာ၊ နေဖို့ငှာ၊ လောက်ရာ သဟသေး။

၁၂၉။ ကပ္ပိယမူ၊ ညီစွာပြု၊ ကုဋိ အင်္ဂါလေး။

၁၃၀။ လူ့ သန္တက၊ ကပ္ပိယ ဟူ၊ ဆို၍ လှူ၊ မှတ်ယူ ဂဟပတိ။

၁၃၁။ ချိကြွ မြွက်ကြား၊ ဆုံး ပြိုင် ငြား၊ နတ်သွားဥဿာမှာ။

၁၃၂။ ရဟန်းအပိုင်၊ ရှေးဦးတိုင်ကို၊ ပွေ့ကိုင်ချီချ၊ မြေအကျနှင့်၊
ကပ္ပိယစကား၊ ဆုံးပြိုင်ငြား၊ မှတ်သား ဥဿဝနန္တိကာ။

၁၃၃။ နွားတို့နေဘိ၊ အနက်ရှိ၊ ဂေါနိသာဒိကာ။

၁၃၄။ တိုက်တာအာရာမ်၊ ကျောင်းအာရာမ်၊ နှစ်တန်မရှိရာ။

၁၃၅။ အာရာမ ဝိဟာရ၊ နှစ်ပါးပြ၊ ရာမ လိုရင်းသာ။

၁၃၆။ လုံးလုံးမရှိ၊ အနည်းရှိ၊ တိုက်၏အာရာမ်မှာ။

၁၃၇။ သမုတ်တုံဘိ၊ သမ္မုတိ၊ ဥ တ္တိ ဒုတိယာ။

၁၃၈။ ပန်ကြားမှုလည်း၊ အပ်သတည်း၊ နှစ်နည်း အဆိုလာ။

၁၃၉။ အကပ္ပိယ၊ ဖြစ်နေက၊ မုချ သမုတ်ရာ။

၁၄၀။ ရှေးရှိတိုင် အုတ်၊ ကုန် ပယ် နုတ်၊ ငြိမ်းချုပ် သာသနာ။

၁၄၁။ လုံးစုံထက်ဝယ်၊ ကာရံချက်၊ ပျက်၏ဂေါနိသာ။

၁၄၂။ အမိုးအကုန်၊ ဖျက်ပယ်တုံ၊ ပျက်ကုန်ကြွင်းနှစ်မှာ။

၁၄၃။ အင်္ဂါမညီ၊ ကျောင်းကုဋ္ဋိ၊ အကပ္ပိယ သာ။

၁၄၄။ အန္တောဝုတ္ထ အန္တောပက္က သာမံပက္က၊ ဤသုံး၀၊ ယာဝ
ယာမမှာ။

၁၄၅။ သို့မှီးသည်ကို၊ ဝုတ္တ ဆို၊ ကျို ချက် ပက္ကမှာ။

၁၄၆။ ကုဋီပျက်တွင်း၊ သိုမှီးခြင်း၊ အလျင်းမပြုရာ။
၁၄၇။ ထို၌ချက်အပ်၊ ယင်းနှစ်ရပ်၊ မအပ်လေသည်သာ။
၁၄၈။ ဘယ်၌မကိုင်၊ သင်းနှစ်ဆိုင်၊ ကိုယ်တိုင်မချက်ရာ။
၁၄၉။ ကျက်ပြီးကိုလျှက်၊ တစ်ဖန်ချက်၊ သက်သက်အပ်သည်သာ။
၁၅၀။ ရှေ့ကာလီနှစ်၊ ရောပြန်လစ်၊ အပြစ် ရှိပြန်လာ။
၁၅၁။ သတ္တာ ဇီဝိ၊ ကိုယ်ချက်မိ၊ သုဒ္ဓိ အပ်သည်သာ။
၁၅၂။ အကပ္ပိယ၊ ကျောင်း ဖြစ်က၊ များလှ ပြစ်နာဆာ။
၁၅၃။ ဝိနည်းမတတ်၊ ကျောင်းထိုင်လတ်၊ အာပတ် မဆုံးရာ။

## ကျောင်းရေစက်ချတွင် ထည့်သွင်းရန်

* ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ သံဃဿ ဒေမ၊ ကာယ ကာယပဋိဗဒ္ဓေဟိ ဖုသိတွာ ယထာသုခံ ပရိဘုဉ္စထ။ ဂဟေပတိ ကပ္ပိယ ကုဋိ-ဖြစ်ရန် ဤစာကို ထည့်သွင်းကာ ရေစက်ချကြပါကုန်။

ကျောင်းဟူသော မှီရာနိဿယအမြွက် ပြီး၏။

---

## ၁၃။ ဆေးဟူသော မှီရာနိဿယ အမြွက်

၁၅၄။ သတ္တာ ဇိဝ၊ ကာလိက၊ ဒွယ ဆေးပစ္စည်း။
၁၅၅။ အနာကြီးငယ်၊ ရောဂါသယ်၊ မှီတွယ် နိဿယည်း။
၁၅၆။ အတွင်းအပြင်၊ နှစ်မျိုးထင်၊ မျိုလျှင်အတွင်းတည်း။
၁၅၇။ အတွင်းဂရု၊ ပြင်လဟု၊ နှစ်ခု ခွဲဝေနည်း။
၁၅၈။ ပစ္စုပ် နာဂတ်၊ နာ နှစ်ရပ်၊ ရအပ် ပါသည်ချည်း။
၁၅၉။ အကြွင်းဆိုဖွယ်၊ အသွယ်သွယ်၊ ရှေးဝယ်ဆိုပြီးနည်း။

၁၆၀။ ဆေးကု ဆေးပေး၊ ဆေးနည်းပေး၊ ရွေးလေ အပ်မအပ်။
၁၆၁။ သီတင်းဖော်ငါး၊ နှစ်ပါး မိဘ၊ ကပ္ပိယ၊ မိဘလုပ်ကျွေးသူ။
၁၆၂။ ရှင် ရဟန်းလောင်း၊ ကျောင်းမှီ ကျောင်းကပ်၊ ဆွဲတစ်ရပ်၊ ကုအပ်ပေးအပ်သူ။
၁၆၃။ ဆွေးမျိုးနွယ်စပ်၊ မကျန်းလတ်၊ ကုအပ် ပြောအပ်သူ။
၁၆၄။ ဆေးဝါးသူ့မှာ၊ မရှိရာ၊ ပေးပါခိုက်တန့်ဟူ။
၁၆၅။ ထိုမှာကြွင်းငြား၊ သူစိမ်းများ၊ သုံးပါးမအပ်ယူ။
၁၆၆။ ခွင့်မပြု မလျော်ရာ၌၊ သဒ္ဓါလှူရေး၊ ပစ္စည်းလေး၊ ပေးလျှင် ဒုက္ကဋ်ဟူ။

ဆေးဟူသော မှီရာနိဿယ အမြွက်ပြီး၏။

---------------

## ၁၄။ အမှီလေးပါး

၁၆၇။ နှစ် ဝိညတ္တိ၊ ပရိကထာ၊ ဩဘာသာ၊ တစ်ဖြာ နိမိတ္တ။
၁၆၈။ တောင်းမှုကား ဝိ၊ ပရိ ရိပ်ခြည်၊ ချိတ်သည် ဩဘာ၊ နိမိတ်မှာ၊ လိုရာလုပ်၍ပြ။
၁၆၉။ ဆွမ်း သင်္ကန်းမှာ၊ ထိုလေးဖြာ၊ ဝေးစွာကြဉ်အပ်စွ။
၁၇၀။ ကျောင်းပစ္စည်းမှာ၊ မပြုရာ၊ နှစ်ဖြာ ဝိညတ္တ။
၁၇၁။ ဆေးပစ္စည်းမှာ၊ ဂိလာနာ၊ လေးဖြာ ကပ္ပိယ။
၁၇၂။ မှီရာလေးသင်း၊ မာရ်ကျော့ကွင်း၊ ဝဋ်တွင်း နက်လေစွ။
၁၇၃။ ရဟန်းပြီးရေး၊ အမှီလေး၊ မှီရေး လိမ္မာမှု။

အမှီလေးပါးပြီး၏။

--------------

## ၁၅။ ပါရာဇိကလေးပါး

၁၇၄။ လူ နတ် တိရိစ်၊ ပြိတ် ဘီလူးတုံ၊ ဤငါးစုံ၊ မေထုန် ဝတ္ထုချည်း။

၁၇၅။ အထီး အမ၊ ပဏ္ဍက၊ ဒွယ ဥဘတောဗျည်း။

၁၇၆။ ကျင်ကြောင်းနှစ်ပါး၊ ခံတွင်းအား၊ သုံးပါးမဂ်ခေါ်နည်း။

၁၇၇။ မဂ်သုံးခုမှာ၊ စိုစွတ်ရာ၊ ပမာနှမ်းမျှတည်း။

၁၇၈။ နိမိတ်ရောက်ထိ၊ သာယာမိ၊ ပါရာဇိကချည်း။

၁၇၉။ ရွှေစင်တစ်မတ်၊ ငွေငါးကျပ်၊ ထိုက်လတ်လူ့ပစ္စည်း။

၁၈၀။ ခိုးခြင်းဆယ့်ငါး၊ တစ်ပါးပါး၊ ခိုးငြားရှုံးခဲ့ပြီ။

၁၈၁။ ကိုယ်တိုင် စေနည်း၊ စွန့်လွှတ် နည်း၊ ကျိုးပြီး ဝန်ချငါး။

၁၈၂။ ရှေ့ကျ ပြိုင်ကျ၊ တိုင်ပင်ကျ၊ ချိန်းကျ မှတ်ကျငါး။

၁၈၃။ ချောင်းလိမ် နိုင်ထက်၊ ကြံဖန်ချက်၊ ဖုံးဝက် ပြောင်းကမ္ဗည်း။

၁၈၄။ လူ့အသက်ကို၊ သေစေလို၊ ကိုယ်နှုတ် စေ့ဆော်ဘိ။

၁၈၅။ စေ့ဆော်ချက်ကြောင့်၊ အသက် ဇီဝ၊ သေဆုံးက၊ ကျပြီ ပါရာဇိ။

၁၈၆။ ကိုယ်တိုင် ခိုင်းစေ၊ ပစ်လွှတ်ထွေ၊ ပုံသေ ထာဝရ။

၁၈၇။ ဝိဇ္ဇာမန္တာန်၊ တန်ခိုးဖန်၊ ခြောက်တန် ပယောဂ။

၁၈၈။ ဝတ္ထု ကာလ၊ ဩကာသ၊ သတ္တ ဣရိယာ။

၁၈၉။ အမှုထွေပြား၊ ဤခြောက်ပါး၊ သူ့အားစေခိုင်းရာ။

၁၉၀။ တိုက်တွန်း ချီးမွမ်း၊ သေဘို့ညွှန်း၊ စွန်းပြီ ထိုသူမှာ။

၁၉၁။ ဈာန် မဂ် ဖိုလ်ကို၊ ကိုယ်၌ရှိပြု၊ ပြောကြားမှု၊ ကုသား ပါရာဇိ။

၁၉၂။ ရဟန်းတော်များ၊ မပေးငြားပဲ၊ လျှောက်လျှားကိုယ်စိုး၊ ရှင်လုပ်မျိုး၊ လိင်ခိုး ပါရာဇိ။

၁၉၃။ ကပ် မင်း ရန်သူ၊ ခိုးသူ ဓားပြ၊ ကန္တာရ၊ ရောဂ အခပ် ကြောင်းရှိ။

၁၉၄။ အကြောင်းရှိ၍၊ ဝတ်မိပြီးခါ၊ သာမဏေ ကောင်း၊ ရဟန်းကောင်းနှင့်၊ ပေါင်းဖော်တစ်မျိုး၊ စိတ်မရိုး၊ ထေရ်ခိုး ပါရာဇိ။

၁၉၅။ သာမဏေစင်၊ ဖြစ်လျက်ပင်ကို၊ သဃ်ာနှင့်သာ၊ တွေ့သော အခါ၊ ငါရဟန်းဟူ၊ ပြခန်းတစ်မျိုး။ စိတ်မရိုး၊ ထေရ်ခိုး ပါရာဇိ။

၁၉၆။ ရဟန်းစင်ဘိ၊ တိတ္ထိ အမူ၊ အသွင်ယူ၊ မှတ်ယူ ပါရာဇိ။

၁၉၇။ မိဘ ရဟန္တာ၊ သတ်သုံးဖြာ၊ သံဃာ သင်းခွဲမှု။

၁၉၈။ သွေးစိမ်း တည်စေ၊ ဤငါးထွေ၊ ရှုးလေ ရှင်ဖြစ်မှု။

၁၉၉။ ဘိက္ခုနီ အား၊ မင်သုံးပါး၊ ပြစ်မှား ကျူးလွန်ပြု။

၂၀၀။ ဥဘောဗျည်းပါ၊ ဤနှစ်ဖြာ၊ ပါရာဇိက စု။

ပါရာဇိကပြီး၏။

--------------

## ၁၆။ သံဃာဒိသိသ်

၂၀၁။ သာယာစိတ်နှင့်၊ နိမိတ်၌မှု၊ လုံ့လကူ၊ လွှတ်မူ သံဃာဒိ။

၂၀၂။ သာယာစိတ်နှင့်၊ ဣတ္ထိကာယ၊ တစ်စစ၊ ထိက သံဃာဒိ။

၂၀၃။ မ ရုပ် တန်ဆာ၊ ရတနာ၊ အစာ စပါးသတ်။

၂၀၄။ လက်နက်ကြိယာ၊ စည်ဘဏ္ဍာ၊ အနာမာသမှတ်။

၂၀၅။ သာယာစိတ်ျနှင့်၊ ဣတ္ထိကိုတုံ၊ မေထုန်စကား၊ မင်စကား၊ မင်စကား၊ ပြောကြား သံဃာဒိ။

၂၀၆။ သာယာစိတ်နှင့်၊ ကွတ္တိကိုတုံ၊ မေထုန်အလှူ ချီးမွမ်းမှု၊ မှတ်ယူ သံဃာဒိ။

၂၀၇။ မိန်းမယောကျ်ား၊ နှစ်ယောက်အားကို၊ မယားလင်ဖြစ်၊ အောင်သွယ်လစ်၊ စွန်းညစ် သံဃာဒိ။

၂၀၈။ ရဟန်းအားကို၊ ကြား မြင် သင်္ကာ၊ မရှိပါပဲ၊ သာသနာမှ၊ ရွေ့လျောကျအောင်၊ အန္တိမ ပြစ်၊ စွပ် စွဲလစ်၊ စွန်းညစ် သံဃာဒိ။

၂၀၉။ အမျိုးအမည်၊ စသည်ထူးခြား၊ မှုတစ်ပါးကို၊ ကြားမှု မြင်မှု၊ အရင်းပြုလျက်၊ ဝတ္ထုအန္တိ၊ စွပ်စွဲဘိ၊ စွန်းငြိ သံဃာဒိ။

သံဃာဒိသိသ်ပြီး၏။

------------------------

## ၁၇။ နိဿဂ္ဂိယ

၂၁၀။ သင်္ကန်းကာလ၊ တစ်လမျှ၊ ငါးလ ကထိန်ရှိ။

၂၁၁။ အကာလ တွင်၊ ဆယ်ရက်စဉ်၊ လွန်လျှင် နိဿဂ္ဂ။

### <u>နိဿဂ္ဂိသင်္ကန်းတစ်ထည်စွန့်ပုံ</u>

ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ။
ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

### <u>စွန့်ပြီးနောက် ဒေသနာကြားပုံ</u>

<u>သင်္ကန်းရှင်</u>- အဟံ ဘန္တေ ဧကံ နိဿဂ္ဂိယံ ပါစိတ္တိယံ အာပန္နော။
တံ တုမှမူလေ ပဋိဒေသေမိ။

<u>ဝိနည်းမိုရ်</u>- ပဿသိ အာဝုသော တံ အာပတ္တိံ။

<u>ဝိနည်းရှင်</u>- အာမ ဘန္တေ ပဿာမိ။

ဝိနည်းမိုရ်- အာယတိံ အာဝုသော သံဝရေယျာသိ။

ဝိနည်းရှင်- သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

**ဝိနည်းမိုရ်မှ သက်န်းပြန်ပေးပုံ**

ကြမံ စီဝရံ အာယသ္မတော ဒမ္မိ။

**နိဿဂ္ဂိသက်န်း အများကို စွန့်ပုံ**

ကြမာနိ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ
နိဿဂ္ဂိယာနိ၊ ကြမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ။

**စွန့်ပြီးနောက် ဒေသနာကြားပုံ**

သက်န်းရှင်- အဟံ ဘန္တေ ဒွေ နိဿဂ္ဂိယာနိ ပါစိတ္တိယာနိ အာပန္နော၊ တာနိ တုမှမူလေ ပဋိဒေသေမိ။

ဝိနည်းမိုရ်- ပဿသိ အာဝုသော တာ အာပတ္တိယော။
(အကြွင်းတူပြီ၊ သုံးထည်စသည်ဖြစ်မူ ဒွေ နေရာမှာ သမ္ဗဟုလာနိ ဟုပြင်ဆိုလေ။)

**ဝိနည်းမိုရ်မှ သက်န်းပြန်ပေးပုံ**

ကြမာနိ စီရာနိ အာယသ္မတော ဒမ္မိ။
(အကျယ်သိလိုမူ ဝိနယသံခိပ်ကျမ်းတွင် ကြည့်ကြပါကုန်)

၂၁၂။ အမည်ဖော်ရင်း၊ သုံးထည်တွင်း၊ ညဉ့်ကင်း နိဿဂ္ဂိ။

**အဓိဋ္ဌာန်တင်ပုံ**

**သင်းပိုင်-** ကြမံ အန္တရဝါသကံ အဓိဋ္ဌာမိ။

**ကောသီ-** ကြမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။

**ဒုကုဋ်-** ကြမံ သံဃာဋိံ အဓိဋ္ဌာမိ။

## သင်္ကန်းစွန့်ပုံ

**အနည်းတစ်ထည်စွန့်ပုံ** - ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိ ဝိပ္ပဝုတ္ထံ၊
အညတြ ဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယံ၊
ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

**အများစွန့်ပုံ** - ဣမာနိ မေ ဘန္တေ စီဝရာနိ ရတ္တိဝိပ္ပဝုတ္ထာနိ၊
အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယာနိ။
ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ။

၂၁၃။ ဆွေမတော်သူ၊ တောင်း၍ယူ၊ ရမူ နိဿဂ္ဂီ။

၂၁၄။ မဖိတ်သူက၊ လှူမည်ကြားလျှင်၊ ကောင်းစေချင်၍၊ စီရင်လေးငြား၊ အဖိုးပွါး၊ စွန့်ငြား နိဿဂ္ဂီ။

၂၁၅။ သင်္ကန်းဖိုးကို၊ ခံပါဆို၊ ကိုယ် နှုတ်ပယ်မြစ်ဘိ။

၂၁၆။ ကပ္ပိယကို၊ ညွှန်းပါဆို၊ လိုရာ ညွှန်းအပ်၏။

၂၁၇။ ရဟာန်းညွှန်းလေး၊ လူညွှန်းလေး၊ ဒွေးမှာ မညွှန်းပေ။

၂၁၈။ မျက်မှောက် မျက်ကွယ်၊ ညွှန်းနှစ်သွယ်၊ မျက်ကွယ် သုံးယောက်ထွေ။

၂၁၉။ ရှေ့ဝယ်ဖိတ်သွား၊ ပြန်ဖိတ်ကြား၊ တစ်ပါးသူကိုစေ။

၂၂၀။ လှူရစ် ခံရစ်၊ အဆိုရစ်၊ စင်စစ် ပါကောင်းလေ။

၂၂၁။ သုံးကြိမ်တောင်းအပ်၊ ခြောက်ကြိမ်ရပ်၊ ပြောအပ်ရဟာန်း ညွှန်းလေး။

၂၂၂။ အကြိမ်လွန်မိ၊ ရတုံဘိ၊ နိဿဂ္ဂီ သင့်ရေး။

၂၂၃။ အတောင်း အရပ်၊ ကြိမ်မမှတ်၊ ပြုအပ် လူညွှန်းလေး။

၂၂၄။ မျက်မှောက် မျက်ကွယ်၊ ကျန်နှစ်သွယ်၊ ရှောင်ပယ် တောင်းရပ်ရေး။

၂၂၅။ ကိုယ်တိုင်ခံခြင်း၊ ခံစေခြင်း၊ ဝမ်းတွင်း သာယာမိ။
၂၂၆။ ကြေး ခဲ ပိုက်ဆံ၊ ရွှေ ငွေ ဘဏ်၊ အမှန် နိဿဂ္ဂိ။
၂၂၇။ ဒွါရသုံးသွယ်၊ ခု ခု ပယ်၊ မတွယ် မငြိဘိ။

## အလှူခံသည့်ငွေကို ပယ်စွန့်ပုံ

အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ။

ဣမာဟံ သံဃဿ နိဿဇ္ဇာမိ။

၂၂၈။ အာရာမ်ကျောင်းတွင်း၊ မေ့ရစ်လျှင်းဘိ၊ လူရှိ၊ မိမိကိုယ်တိုင်ထား။
၂၂၉။ ရွှေ ငွေ ဝတ္ထု၊ ရောင်းဝယ်မှု၊ ပြုလျှင် နိဿဂ္ဂိ။

## ရောင်းဝယ်သည့် ရွှေ ငွေကို ပယ်စွန့်ပုံ

အဟံ ဘန္တေ ရူပိယ သံဝေါဟာရံ သမာပဇ္ဇိံ ဣဒံမေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာယံ သံဃဿ နိဿဂ္ဂိယံ၊ ဣမာယံ သံဃဿ နိဿဇ္ဇာမိ။

၂၃၀။ ခံယူ ရောင်းဝယ်၊ စီရင်ချယ်၊ ကိုယ်တွယ် သုံးသပ်ဘိ။
၂၃၁။ အာပတ်ကြီးငယ်၊ မလွဲဖွယ်၊ လေးသွယ် မှုပြစ်ရှိ။
၂၃၂။ ကြေး ခဲ ပိုက်ဆံ၊ ရွှေ ငွေ ဘဏ်၊ ခံလျှင် အာပတ်ကြီး။
၂၃၃။ ရတနာဆယ်ပါး၊ စပါးခုနစ်၊ ခေတ္တ ဝတ္ထု၊ နှစ်ခု ရေကန်၊ အာရာမ် ဉယျာဉ်၊ မြင်း ဆင် ကျွဲ နွား၊ သား ငါး ခွေး ဝက်၊ ကြက် ငှက် တိရစ္ဆာန်၊ အလှူခံ၊ အမှန် ဒုက္ကဋ်ချည်း။
၂၃၄။ ပုဂ္ဂိုလ် သံဃာ၊ ဂိုဏ်းအားလာ၊ ခံငှါ မအပ်သိ။
၂၃၅။ ဘုရား တရား၊ စေတီအားနှင့်၊ ကျောင်းအားတစ်တန်၊ နဝကံ၊ ပယ်ရန် ခွင့်မရှိ။

၂၃၆။ ရွှေ ငွေချယ်လတ်၊ ကျောင်းနှစ်စပ်၊ မအပ်သည် မရှိ။
၂၃၇။ အရောင်း အဝယ်၊ လဲလှယ် ငှားရမ်း၊ စကားကြမ်း၊ စွန့်းလေ နိဿဂ္ဂိ။

## နိဿဂ္ဂိ ဝတ္ထုကို စွန့်ပုံ

အဟံ ဘန္တေ ကယဝိက္ကယံ သမာပဇ္ဇိံ၊ ဣဒံမေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

## စွန့်ပြီးဝတ္ထုကို ပြန်ပေးပုံ

ဣမံ ဝတ္ထုံ အာယသ္မတော ဒမ္မိ။

၂၃၈။ အဆင်းသဏ္ဌာန်၊ လောက်သည်မှန်လျက်၊ ခိဋ္ဌာန် ဝိကပ်၊ မပြုလတ်ပဲ၊ ဆယ်ရက်ကဲ၊ စွန့်မြဲ ထိုပတ္တ။

## နိဿဂ္ဂိ သပိတ်ကိုစွန့်ပုံ

အယံ မေ ပတ္တော ဒသာဟာတိက္ကန္တော နိဿဂ္ဂိယော၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ။

## စွန့်ပြီးသပိတ်ကို ပြန်ပေးပုံ

ဣမံ ပတ္တံ အာယသ္မတော ဒမ္မိ။

၂၃၉။ ငါးဖွဲ့ မပြည့်၊ သပိတ်ရှိငြား၊ သူတစ်ပါး၊ တောင်းငြား နိဿဂ္ဂိ။
၂၄၀။ သတ္တ ငါးတန်၊ သူ့ရက်လွန်၊ အမှန် နိဿဂ္ဂိ။
၂၄၁။ ဖော်ရဟန်းအား၊ သင်္ကန်းပေး၍၊ အရေးမလှ၊ ယူပြန်က၊ ရလျှင် နိဿဂ္ဂိ။
၂၄၂။ ကြွင်းပစ္စည်းကို၊ ထိုနည်းအတူ၊ ပေးပြီးမူ၊ ယူလျှင် ဒုက္ကဋ်သိ။

၂၄၃။ သံဃာအားမှု၊ လှူမည်မြွက်ကြား၊ ညွှတ်ပြီးသားကို၊
မိမိကိုယ်သို့၊ ညွှတ်စေမြို့၊ စွန့်တို့ နိဿဂ္ဂိ။
၂၄၄။ သံဃာတော်၌၊ ထုတ်ဖော်မြွက်ကြား၊ ညွှတ်ပြီးသားကို၊
တစ်ပါးပုဂ္ဂလ၊ ညွှတ်စေက၊ သုဒ္ဓပါစိတ္တိ။

နိဿဂ္ဂိအမြွက်ပြီး၏။

------------

## ၁၈။ သုဒ္ဓပါစိတ်

၂၄၅။ ချွတ်ယွင်းစေလို၊ မုသားဆို၊ ထိုသူ ပါစိတ္တိ။
၂၄၆။ ပြက်ရယ်ပြုလို၊ ပြက်ချော်ဆို၊ ထိုသူ ဒုဗ္ဘာသိ။
၂၄၇။ ဝန်ခံစကား၊ ပျက်စေငြား၊ သူအား ပဋိဿဝိ။
၂၄၈။ ဆဲခြင်းဆယ်ပါး၊ ရဟန်းအား၊ ဆဲငြား ပါစိတ္တိ။
၂၄၉။ ဆဲခြင်းဆယ်ပါး၊ ပြက်ရယ်အား၊ ဆိုငြား ပါစိတ္တိ။
၂၅၀။ မျိုး မည် နွယ် ကံ၊ တတ် နာ သဏ်၊ ကိလံ အာ အက် ထိ။
၂၅၁။ ဆဲခြင်းဆယ်ပါး၊ ယူဆောင်ကြား၍၊ စကားကုန်သွင်း၊
ရဟန်းချင်း၊ ဖျက်လျှင်း ပါစိတ္တိ။
၂၅၂။ သာမဏေ, လူ၊ နှစ်ဦးသူအား၊ ပြိုင်တူဆိုကာ၊ ပါဠိစာ၊
ချရာ ပါစိတ္တိ။
၂၅၃။ ပဒါ နုပဒ၊ နွက္ခရပဟု၊ အနုဗျဉ္ဇနံ၊ ဤလေးတန်၊ ခွဲရန်
အာပတ္တိ။
၂၅၄။ လူ သာမဏေ၊ မေထုန်လောက်တန်၊ တိရစ္ဆာန်နှင့်၊
သုံးညဉ့်လွန်တူ၊ အိပ်မိမူ၊ မှတ်ယူ ပါစိတ္တိ။
၂၅၅။ ထက်ဝက်လွန်တုံ၊ မိုးကာစုံ၊ လောက်လုံ ပါစိတ္တိ။
၂၅၆။ အမြင့်တောင့်ထွာ၊ ရှိခဲ့လာ၊ အကာဆိုလောက်၏။

၂၅၇။ တစ်ပြင်အောက်ထက်၊ အမိုးယှက်၍၊ ထွက်ဝင်တံခါး၊ တူကြငြား၊ ဆောင်ခြားမဟုတ် သိ။

၂၅၈။ အမနှင့်မူ၊ တစ်ညဥ့်တာမျှ၊ ခွင့်မရ၊ အိပ်က ပါစိတ္တိ။

၂၅၉။ ဆယ့်နှစ်တောင်တွင်း၊ ယောကျ်ားကင်းလျက်၊ ခြောက်ခွန်း ထက်များ၊ ဣတ္ထိအား၊ ဟောငြား ပါစိတ္တိ။

၂၆၀။ ဇာတိမြေကို၊ ကိုယ်တိုင်တူးငြား၊ တူးစေငြား၊ နှစ်ပါး ပါစိတ်သင့်။

၂၆၁။ ကပ္ပိယံ၊ ကရောဟိ၊ ဒေဟိ ဇာန၊ အာဟရ၊ အတ္ထော၊ ဤအပြော၊ အပ်သော ပြုလုပ်ခွင့်။

၂၆၂။ နွယ် မြက် သစ်ပင်၊ စိမ်းစိုစဥ်၊ ဖျက်လျှင် ပါစိတ်သင့်။

၂၆၃။ ပိုးရှိရေကို၊ မြေပေါ်မြက်ပေါ်၊ လောင်းမိသော်၊ ချွတ်လျော် ပါစိတ္တိ။

၂၆၄။ ပိုးရှိရေကို၊ သောက်လေ ချိုးလေ၊ ဆေးကြောလေ၊ စွန်းချေ ပါစိတ္တိ။

၂၆၅။ တိရစ္ဆာန်ကို၊ သေစေလိုမှု၊ သေကြောင်းပြု၊ သတ်မှု ပါစိတ္တိ။

၂၆၆။ လင်နှင့်မယား၊ နှစ်ပါးပျော်ခင်း၊ တိုက်ခန်းတွင်း၊ ချဥ်းနေ ပါစိတ္တိ။

၂၆၇။ မိန်းမနှင့်သာ၊ ဖုံးကွယ်ရာတွင်း၊ နှစ်ယောက်ချင်း၊ နေလျင်း ပါစိတ္တိ။

၂၆၈။ မကွယ်မကာ၊ လွင်ပြင်မှာလည်း၊ ဥပစာတွင်း၊ အဖော်ကင်း၊ နေလျဥ်း ပါစိတ္တိ။

(၁၂-တောင်ကို ဥပစာဆိုသည်။)

၂၆၉။ မိန်းမနှင့်လျှင်၊ တိုင်ပင်နှော်နှီး၊ ချိန်းချက်ပြီး၊ ခရီး ပါစိတ္တိ။

၂၇၀။ သေရက်ငါးထွေ၊ သေရည်ငါးပါး၊ ယစ်မျိုးများ၊ မျိုခြား ပါစိတ္တိ။

၂၇၁။ ပိဋ္ဌ ပူဝ၊ ဩဒန၊ ကိဏ္ဏ သမ္ဘာရာ။

၂၇၂။ ပုပ္ဖ ဖလ၊ မဓုက၊ ဂုဠ သမ္ဘာရာ။

၂၇၃။ မြှောက်ကြဲ လှုပ်ယမ်း၊ ကူးသန်း ငုပ်ပေါ်၊ လှေလှော် ဖောင်ခတ်၊ ရေနှင့်စပ်ခြား၊ ပျော်ကစား၊ သင့်ခြား ပါစိတ္တိ။

၂၇၄။ ကိုယ်တွင်ထိလျှင်း၊ ရဟန်းချင်းအား၊ ပျော်ကစား၊ သင့်ခြား ပါစိတ္တိ။

၂၇၅။ လူ ရှင် တိရစ္ဆာန်၊ ရယ်မြူးရန်၊ ထိပြန် ဒုက္ကဋ္ဌ်သိ။

၂၇၆။ ရဟန်းချင်းလျှင်၊ ပညတ်တော်ပြ၊ ဆုံးမသည်ကို၊ မကျင့် လို၍၊ မရိုမသေ၊ လှန်ပြန်ချေ၊ သင့်လေ ပါစိတ်မှု။

၂၇၇။ သုတ် ဘိဓမ္မာ၊ ကျမ်းလာဖော်ပြ၊ ဆုံးမသည်ကို၊ မနာလို၍၊ မရိုမသေ၊ လှန်ပြန်ချေ၊ သင့်လေ ဒုက္ကဋ္ဌ်မှု။

၂၇၈။ ထိတ်လန့် ကြောက်ရန်၊ ကြံဖန်ထွေပြား၊ ရဟန်းအား၊ ချောက်ခြား ပါစိတ္တိ။

၂၇၉။ ဆောင်းအခါ၌၊ အနာကင်းလျက်၊ မီးထင်းထည့်မှု၊ လှုံဖို့ပြု၊ သင့်မှု ပါစိတ်တည်း။

၂၈၀။ ရယ်လိုစိတ်နှင့်၊ သပိတ် သင်္ကန်း၊ ခါးပန်းကစ၊ မဝှက်ရ ဝှက်က အာပတ်တည်း။

၂၈၁။ ဝိနည်းကြောင်းဖြင့်၊ ကောင်းစွာအမှန်၊ ငြိမ်းပြီးကံကို၊ တစ်ဖန်လှုပ်ရှား၊ လှန်ပြန်ငြား၊ သူ့အား ပါစိတ်တည်း။

၂၈၂။ အာပတ်မှုကို၊ ပြုမှန်းသိလျက်၊ ငဲ့ကွက်သောအား၊ ဖော် မကြား၊ ဖုံးထားအာပတ်တည်း။

၂၈၃။ ရဟန်းခံနေ့၊ မစေ့အသက်၊ သိလျက်သိမ်ဝင်၊ ကံဆောင်လျှင်၊ ထိုရှင်အာပတ်တည်း။

၂၈၄။ ဓားပြ ခိုးသူ၊ မင်းဘဏ် ယူ၊ ခွန်မှု ရှောင်သမား။

၂၈၅။ သိလျက်တိုင်ပင်၊ ခရီးနှင်၊ ရွာစဉ် အာပတ်များ။

၂၈၆။ ပညတ်တော်ပြ၊ ဆုံးမသည်ကို၊ မနာလို၍၊ ပုဂ္ဂိုလ်သူမြတ်၊ ဝိနည်းတတ်ဝယ်၊ မေးဦးမယ်ဟု၊ လွှဲ ဖယ်မှု၊ သူအား အာပတ်တည်း။

၂၈၇။ ဝိနည်းတရား၊ သင်သူအားကို၊ မသင်လိုအောင်၊ ပြစ်ပိုကျိုးမဲ့၊ ပြောဆိုခဲ့၊ ဖွဲ့ပြီ ပါစိတ်တည်း။

၂၈၈။ လွန်ကျူးမှုတိ၊ ဧကန်သိလျက်၊ မသိလေယောင်၊ ဟန်ဆောင်လေက၊ မောဟတင်ထား၊ နောက် ဆောင်ငြား၊ သူအား ပါစိတ်တည်း။

၂၈၉။ ဒေါသထွက်၍၊ ရိုက်နှက်ထောင်းထု၊ ပစ်ခတ်မှု၊ ပြုတိုင်းအာပတ်တည်း။

၂၉၀။ ဒေါသထွက်၍၊ ရိုက်နှက်မည်လား၊ လက်ဝါးလက်ဆုပ်၊ ကြိမ်တုတ်တံဖျာ၊ မိုးခဲ့ရာ၊ သင့်လာ အာပတ်တည်း။

၂၉၁။ သူတစ်ပါးကို၊ မြင် ကြား သင်္ကာ၊ မရှိပါပဲ၊ အာပတ်ခြောက်ထွေ၊ စွပ်စွဲချေ၊ သင့်လေအာပတ်တည်း။

၂၉၂။ အမျက်ကြုတ်၍၊ ကုက္ကုစ္စဖြစ်၊ ပြောဆိုလစ်၊ စွန်းညစ်အာပတ်တည်း။

၂၉၃။ အမျက်ရှိ၍၊ မိမိစကား၊ ပြောဆိုငြားလျှင်၊ ကြားဖို့တစ်စောင်း၊ ကပ်ခိုအောင်း၊ ချောင်းမြောင်း အာပတ်တည်း။

၂၉၄။ ဓမ္မိကမှန်၊ သံဃာ့ကံ၌၊ ညီရန်ဆန္ဒ၊ ပေးပြီးမှ၊ ရှုတ်ချ ပါစိတ်တည်း။

၂၉၅။ ဆုံးဖြတ်မှုရေး၊ ကံပြုရေးနှင့်၊ စည်းဝေးဝင်ပြီး၊ မှုမပြီးမီ၊ ဖျက်ဆီးလိုရေး၊ မပေးဆန္ဒ၊ ထွက်သွားက၊ သင့်ထ ပါစိတ်တည်း။

၂၉၆။ ရဟန်းအားကို၊ အများသံဃာ၊ ညီညာကြေအေး၊ သင်္ကန်း ပေး၍၊ အရေးတစ်ဖန်၊ ရှုတ်ချပြန်၊ စွန်းရန် ပါစိတ်တည်း။

၂၉၇။ ထိန်းပါအပ်နှံ၊ လူတို့ဘဏ်၊ လက်ခံ ပါစိတ်တည်း။

၂၉၈။ ကျပျောက်မေ့ကျန်၊ တွေ့ရှိဘဏ်၊ ယူပြန်ပါစိတ်တည်း။

၂၉၉။ ရဟန်းဥပစာ၊ မေ့ကျန်ရာ၊ ကောင်းစွာယူသိမ်းဆည်း။

၃၀၀။ ဆယ့်နှစ်တောင်တိ၊ ရဟန်းရှိပြား၊ မပန်ကြားဘဲ၊ နေလွဲ ရွာဝင်၊ ပြုခဲ့လျှင်၊ ရွာဝင် ပါစိတ်တည်း။

၃၀၁။ ရိုး စွယ် ဦးချို၊ အပ်ကျည်ကိုလျှင်၊ ကိုယ်တိုင်ပြုလျှင်း၊ ပြုစေခြင်း၊ ခွဲခြင်းပါစိတ်တည်း။

၃၀၂။ အပေါင်အောက်မှာ၊ တစ်ထောင့်ထွာ၊ ရှည်ရာ ညောင် စောင်းခြေ။

၃၀၃။ ထိုထက်ရှည်မူ၊ လွန်ပြု၊ ဖြတ်မှု ပါစိတ်ပေ။

၃၀၄။ ညောင်စောင်းလဲမွေ့၊ ပြုမိရေး၊ ဆုတ် ရွေး ပါစိတ္တိ။

၃၀၅။ မိုယ်း မာ နိသိ၊ လွန်တုံဘိ၊ ဖြတ်ရှိ ပါစိတ္တိ။

၃၀၆။ ဘုရားသုံးထယ်၊ မှီရာဝယ်၊ ဖြတ်ပယ် ပါစိတ်တည်း။

သုဒ္ဓပါစိတ်ပြီး၏။

------------

## ၁၉။ သေခိယ

### ပရိမဏ္ဍလဝဂ်

၃၀၇။ ဝတ် ရုံ နှစ်ဖြာ၊ ဝန်းညီစွာနှင့်၊ ရွာမှာကြုံတောင်း၊ ကောင်းစွာ ဖုံးလွှမ်း၊ မယမ်း ခြေလက်၊ မျက်လွှာလည်းချ၊ ခါးမှ ထက်ရောက်၊ မမြှောက်ကိုယ်ရုံ၊ ဆယ်ပါးတုံ၊ လုံစေ အသီးသီး။

ပရိမဏ္ဍလဝဂ်ပြီး၏။

---------------

### ဥဇ္ဇဂ္ဃိကဝဂ်

၃၀၈။ ပြောသံ မကျယ်၊ ရယ်သံ မထွက်၊ ကိုယ် လက် ဦးခေါင်း၊ မလှုပ်ရှောင်း၊ ကောင်းစွာ ချီစောင့်စည်း။

ဥဇ္ဇဂ္ဃိကဝဂ်ပြီး၏။

-------------

### ခမ္ဘကတဝဂ်

၃၀၉။ ခါးထောက် ခေါင်းခြုံ၊ နင်းတုံခြေစွန်၊ နှစ်တန်ဒူးဝန်း၊ ဆွမ်းခံရုံသေ၊ မလေငြိမ်စိတ်၊ သပိတ်မှာထား၊ ဟင်းအား မျှရုံ၊ ညီတုံနားရေး၊ သတိရှေး၊ ကျင့်ရေးဆယ်မျိုးတည်း။

ခမ္ဘကတဝဂ်ပြီး၏။

-----------

### သက္ကစ္စဝဂ်

၃၁၀။ ရိုသေဆွမ်းစား၊ စိတ်ထား ခွက်တွင်၊ အစဉ်ယူလျှင်း၊ ဟင်းအားမျှချိန်၊ မနှိမ်ဆွမ်းဦး၊ အထူးများလို၊ ဟင်းကို မဝှက်၊ ကျန်းမာလျက်နှင့်၊ သက်သက်ကိုယ်ဖို့၊ တောင်း

လို့မစား၊ သပိတ်များကို၊ စိတ်ထားမကောင်း၊ ကဲ့ရဲ့ ကြောင်းနှင့်၊ စောင်း၍မရှု၊ ဒေါင်းဥနှယ်မှီး၊ မကြီးမရှည်၊ ဝန်းညီဆွမ်းလုပ်၊ သရုပ်ဆယ်ပါး၊ သိက္ခာများ၊ မှတ်သား ကျင့်ဖို့တည်း။

သက္ကစ္စဝဂ်ပြီး၏။

------------

## ကဗဠဝဂ်

၃၁၁။ ဆွမ်းလုပ်မလာ၊ တင်ကာဖွင့်ခြင်း၊ ခံတွင်းလက်ထည့်၊ ဆွမ်းပြည့်လျက်သား၊ စကားပြောဆို၊ ဆွမ်းကို မြှောက်လတ်၊ ဆွမ်းလုပ်ဖြတ်ငြား၊ ပါးစောင်းထားနှင့်၊ လက်ဖျား တွက်ကာ၊ ဆွမ်းကြဲကာတည့်၊ လျှာကိုထုတ်လတ်၊ တစပ် စပ်၊ မအပ်ကြဉ်ရှောင်ရေး။

ကဗလဝဂ်ပြီး၏။

--------------

## သုရုသုရုဝဂ်

၃၁၂။ မြည်သံရှုပ်ရှုပ်၊ နှုတ် သပိတ် လက်၊ လျက်၍တစ်ခန်း၊ ဆွမ်းရှိလက်နှင့်၊ ရေခွက်ကိုင်ထွေ၊ ဆွမ်းရှိရေကို၊ သွန်လေ အိမ်ကြား၊ ထီး ဓား တောင်းဝှေး၊ လေးလက်ရှိအား၊ တရား ဟောမှု၊ ဤဆယ်ခု၊ မပြုကြဉ်ရှောင်ရေး။

သုရုသုရုဝဂ်ပြီး၏။

---------------

## ပါဒုကဝဂ်

၃၁၃။ ခြေနင်း၊ ဖိနပ်၊ ယာဉ်စီးလတ်ထွေ၊ အိပ်လျက်နေနှင့်၊ ဖွဲ့နေဒူးနှစ်၊ ဦးရစ် ခေါင်းမြီး၊ မြေကြီးနေရာ၊ နိမ့်ရာမြင့်ဆိုင်၊ ရပ် ထိုင်နှစ်ပါး၊ နောက်ရှေ့သွားပြီး၊ ခရီးမဲ့ရှိ၊ မနာဘိလျက်၊ ပါဠိဟောလတ်၊ မတ်တတ်နှစ်ကျင်၊ သစ်ပင် မြက် ရေ၊ နှစ်ထွေကျင်ရေး၊ နှပ် တံတွေးမှု၊ ဆယ့်ငါးခု၊ မပြုကြဉ် ရှောင်ရေး။

ပါဒုကဝဂ်ပြီး၏။

သေခိယပြီး၏။

-----------

## ၂၀။ သမုဋ္ဌာန်စသည်

၃၁၄။ ကိုယ် နှုတ်၊ ကိုယ် နှုတ်၊ စိတ်ယှဉ်ထုတ်၊ သမုဋ္ဌာန် ခြောက်ပါး။ (ကာယ၊ ဝါစာ၊ ကာယဝါစာ၊ ကာယစိတ္တ၊ ဝါစာစိတ္တ၊ ကာယဝါစာ စိတ္တ=သမုဋ္ဌာန်-၆-ပါး။)

၃၁၅။ ပြု မပြုနှင့်၊ နှစ်ခုအစုံ၊ မပြုတုံနှင့်၊ ပြုတုံရံခါ၊ ပြုခါသင့်မှု၊ ပြုမပြု ငါးခုကိရိပြား။

၃၁၆။ သညာမောက္ခ၊ နောမောက္ခ၊ ဒွယ သညာပြား။

၃၁၇။ လောကဝဇ္ဇ၊ ပဏ္ဏတ္တိဝဇ္ဇ၊ သစိတ္တက၊ အစိတ္တက၊ ဤနှစ်ဝ၊ ဝဇ္ဇစိတ္တပြား။

သမုဋ္ဌာန် ကြိယာ သညာ ဝဇ္ဇ စိတ္တ အပြားပြီး၏။

-------------

## ၂၁။ အဓိကရုဏ်းလေးပါး

၃၁၈။ ဝိဝါ နုဝါ၊ အာပတ္တာ၊ ကိစ္စာဓိကရ။

၃၁၉။ ဓမ္မာ ဓမ္မ၊ စသည်အစုံ၊ ငြင်းခုံဖြစ်ပွား၊ ဆယ့်ရှစ်ပါး၊ မှတ်သား ဝိပါဒ။

၃၂၀။ ဓမ္မ ဝိနယ၊ ဘာသိတ၊ စိဏ္ဏ ပညတ္တံ။

၃၂၁။ အာပတ် ဂရုက၊ ဒုဋ္ဌုလ္လ၊ သာဝသေသ မှန်။

၃၂၂။ ပဋိပက္ခ၊ ပွားတုံက၊ ဝါဒဆယ့်ရှစ်တန်။

၃၂၃။ စေဒနာမှု၊ စွပ်စွဲမှု၊ အနုဝါဒတည်း။

၃၂၄။ ပါ သံ ထုလ် ပါ၊ ဒုက် ဒုဗ် ပါ၊ သတ္တာ နုဝါဒ။

၃၂၅။ အာပတ်ခုနစ်ဖြာ၊ သင့်ထုံလာ၊ အာပတ္တာဓိတည်း။

၃၂၆။ ဥတ္တိသုံးတန်၊ ပလောကန်၊ လေးတန် ကိစ္စာဓိ။

အဓိကရုဏ်းလေးပါးအမြွက်ပြီး၏။

----------------

## ၂၂။ သမထခုနစ်ပါး

၃၂၇။ သမ္မု သတိ၊ အမုဠှ၊ ပဋိ ယေဘုယျ။

၃၂၈။ ပါပိသိက၊ တိဏဝတ္ထာ၊ ခုနစ်ဖြာ၊ ငြိမ်းငှာ သမထ။

၃၂၉။ ခန္ဓကမှာ၊ အကျယ်လာ၊ ဤမှာ အကျဉ်းမျှ။

သမထခုနစ်ပါး အမြွက်ပြီး၏။

------------

## ၂၃။ အာပတ်ကုစားနည်းများ

၃၃၀။ ပါရာဇိက၊ သင့်တုံက၊ ကုသလမ်းမရှိ။

၃၃၁။ လူ သာမဏေ၊ လုပ်၍နေ၊ စင်လေ အာပတ္တိ။

၃၃၂။ ဈာန် မဂ် အန္တရာယ်၊ မငြိတွယ်၊ စင်ကြယ် ဝိသုဒ္ဓိ။

၃၃၃။ မပျော်မွေ့ပဲ၊ လူးလဲခံကာ၊ မနေရာ၊ သိက္ခာချလေဘိ။
၃၃၄။ သိက္ခာတင်က၊ ပဉ္စင်္ဂ၊ ချမူ ဆဋ္ဌင်္ဂါ။

## သိက္ခာတင် ပဉ္စင်္ဂ

၁။ ဝတ္ထုသမ္ပတ္တိ=ပဉ္စင်းလောင်း၏ ပြည့်စုံခြင်း။
၂။ ဉတ္တိသမ္ပတ္တိ=ဉတ်၏ပြည့်စုံခြင်း။
၃။ ကမ္မဝါစာသမ္ပတ္တိ=ကမ္မဝါစာ၏ ပြည့်စုံခြင်း။
၄။ သီမာသမ္ပတ္တိ=သိမ်၏ ပြည့်စုံခြင်း။
၅။ ပရိသာသမ္ပတ္တိ=ပရိသတ်၏ ပြည့်စုံခြင်း။
ဟူ၍အင်္ဂါငါးပါးတည်း။

## သိက္ခာချ ဆဋ္ဌင်္ဂါ

၁။ သိက္ခာချလိုသော စိတ်ရှိခြင်း။
၂။ သိက္ခာကျစေနိုင်သည့် ခေတ်ပုဒ်မှန်ကန်ခြင်း။
၃။ ဝတ္တမာန် ပဉ္စမီဖြစ်သော ပစ္စုပ္ပန်ကာလဖြစ်ခြင်း။
၄။ ဝစီပယောဂဖြင့် မြွက်ဆိုခြင်း။
၅။ နားထောင်သူ လူပုဂ္ဂိုလ်ဖြစ်ခြင်း။
၆။ သိက္ခာချသော ခေတ်ပုဒ်ဆုံးသည်နှင့် တစ်ပြိုင်နက် သိက္ခာကျပြီဟု သိခြင်း။
ဟု အင်္ဂါခြောက်ပါးတည်း။

၃၃၅။ စိတ် ခေတ် ကာလ၊ ပယောဂ၊ ဇာန ပုဂ္ဂလာ။
၃၃၆။ ချလိုစိတ်သန်၊ ခေတ်ပုဒ်မှန်၊ ပစ္စုပ္ပန်နှင့်သာ။
၃၃၇။ ဝစီ မြွက်ဆို၊ လူပုဂ္ဂိုလ်၊ ဆိုခြင်း သိမှသာ။
ပါရာဇိကအာပတ်ကုစားနည်းပြီး၏။

---

## ၂၄။ သံဃာဒိသိသ် အာပတ်ကုစားနည်း

၃၃၈။ သင့်တုံ အာပတ်၊ ပကတတ်၊ ကင်းလတ် အန္တရာယ်။

၃၃၉။ ကြားငှာစွမ်းငြား၊ သညီပွား၊ ရှစ်ပါးသရုပ်ချယ်။

၃၄၀။ ဖုံးလွှမ်းလိုငြား၊ ဖုံးလွှမ်းမူ၊ ဆယ်ပါးဖုံးလွှမ်းဖွယ်။

၃၄၁။ မဖုံးလွှမ်းမူ၊ မာနတ်ယူ၊ ဖုံးမူ ပရိဝါသ်။

၃၄၂။ အပ္ပဋိစ္ဆန်၊ ပဋိစ္ဆန်၊ နှစ်တန် မာနတ်မှတ်။

၃၄၃။ ပဋိစ္ဆန္နံ၊ သမောဓာန်၊ သုဒ္ဓန် ပရိဝါသ်။

၃၄၄။ ဩဓာန် အဂ္ဃံ၊ မိဿကံ၊ သုံးတန် သမောမှတ်။

၃၄၅။ ဝတ်တင်းလင်းရှိ၊ သံဃာဒိ၊ သင့်ဘိ အန္တရာ။

၃၄၆။ ကျင့်ပြီးရက်တွင်း၊ ပျက်တုံလျှင်း၊ အရင်းငင်ဖို့ရာ။

၃၄၇။ အန္တရာပတ်၊ မဖုံးလတ်၊ မာနတ်မှာ ထည့်ပါ။

၃၄၈။ ဖုံးလွှမ်းခဲ့လျှင်း၊ မူလတွင်း၊ ပေါင်းသွင်းဩဓာနာ။

၃၄၉။ ရှည် တို ထွေလာ၊ အာပတ်အများ၊ ရှိငြားတစ်ထုံး၊ အရှည်ဆုံး၌၊ ပေါင်းရုံး၍သာ၊ ကျင့်ဆောင်ရာ၊ မှတ်ပါ အဂ္ဃတည်း။

၃၅၀။ မတူအမူ၊ ဝတ္ထုထွေပြား၊ အာပတ်များ၊ ပေါင်းငြား မိဿက။

၃၅၁။ ဖုံးလွှမ်းရက်ကို၊ သက်သက်မသိ၊ မမှတ်မိငြား၊ ယုံမှားရှိရာ၊ ကျင့်အပ်စွာ၊ သညာသုဒ္ဓန္တ။

၃၅၂။ စူဠ မဟာ၊ သုဒ္ဓန်မှာ၊ နှစ်ဖြာ အပြားရ။

၃၅၃။ အနိက္ခိတ္တ၊ နိက္ခိတ္တ၊ ပြားထ ဝတ်နှစ်မျိုး။

၃၅၄။ အနာရောစန သဟာဝါသာ၊ ဝိပ္ပဝါ၊ သုံးဖြာဝတ်ပျက်ကြောင်း။

၃၅၅။ တိုက်တွင်းနေခါ၊ တိုက်လုံးသာ၊ ပြင်မှာတောင်ဆယ့်နှစ်။

၃၅၆။ ဒိဌ သုတ၊ ရှိချေက၊ ဌာန မရွှေ့ခေတ်။

၃၅၇။ ရဟန်းနှင့်မူ၊ အမိုးတူ၊ အိပ်မူ သဟာဖြစ်။

၃၅၈။ ပကတတ်ကင်းလျက်၊ အရုဏ်တက်၊ ဝတ်ပျက် ဝိပ္ပဝါသ ဖြစ်။

၃၅၉။ ဉီနဂဏော၊ ဒေဝသိက၊ သဟာဝါသာ၊ ဝိပ္ပဝါ၊ လေးဖြာ မာနတ်၌။

သံဃာဒိသိသ်အာပတ်ကုစားနည်း အမြွက်ပြီး၏။

-------------

## ၂၅။ ကြွင်းသော အာပတ်ငါးပါး ကုစားနည်း

၃၆၀။ ဒေသနာဂါမ်၊ ကြွင်းငါးတန်၊ ကြားရန် အနည်းနည်း။

၃၆၁။ စွန့်ခြင်းရှေ့ရှိ၊ နိဿဂ္ဂိ၊ ကြားဘိ နောက်မှတည်း။

၃၆၂။ အခွဲ အဖြတ်၊ ရှေးရှိလတ်၊ အပ်ကျည် ပါစိတ် စသည် တည်း။

၃၆၃။ ပါဋိဒေသနိယာ၊ လေးမျိုးမှာ၊ ကြားရာ တစ်မျိုးတည်း။

၃၆၄။ အာယတိ သံဝရ၊ ရှိမှထ၊ ဆိုကြ ဆရာနည်း။

### ဒေသနာကြားပုံ

ထေရ်ငယ်- အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာရောစယာမိ။

ထေရ်ကြီး - သာဓု သာဓု သာဓု။

ငယ် - အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ တာ တုမ္ဟမူလေ ပဋိဒေသေမိ။

ကြီး - ပဏ္ဍိသိ အာဝုသော တာ အာပတ္တိယော။
ငယ် - အာမ ဘန္တေ ပဏ္ဍာမိ။
ကြီး - အာယတိံ အာဝုသော သံဝရေယျာသိ။
ငယ် - သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။
ကြီး - သာဓု သာဓု သာဓု၊ အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။
ငယ် - သာဓု ဘန္တေ သာဓု သာဓု။
ကြီး - အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။
ငယ် - ပဏ္ဍထ ဘန္တေ တာ အာပတ္တိယော။
ကြီး - အာမ အာဝုသော ပဏ္ဍာမိ။
ငယ် - အာယတိံ ဘန္တေ သံဝရေယျာထ။
ကြီး - သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ။
ငယ် - သာဓု ဘန္တေ သာဓု သာဓု။

(ထေရ်ငယ် ထေရ်ကြီးတို့ အပြန်အလှန် ဒေသနာကြားပုံ။)

၃၆၅။ စေ့ ဆော် သင့် မှု၊ ဖုံးလွှမ်းမှု၊ လေးခု အင်္ဂတိ။
၃၆၆။ လက္ခဏာ ညီ၊ အလဇ္ဇီ၊ ဖြစ်ပြီ ဟောချက်ရှိ။
၃၆၇။ ဆန္ဒာ ဘယာ၊ မျက်ဒေါသာ၊ မောဟာ လေးဂတိ။

ကြွင်းအာပတ် ငါးပါးကုစားနည်း ပြီး၏။

----------------

## ၂၆။ သာမဏေရ ပဗ္ဗဇ္ဇကံ ဆံရိတ်ခြင်း

၃၆၈။ သူ့မိ သူ့ဘ၊ ခွင့် ပြုမှ၊ ပြုရ ပဗ္ဗဇ္ဇာ။
၃၆၉။ ဆံရိတ် တစ်ခန်း၊ သင်္ကန်း ပေးတုံ၊ သရဏဂုံ ပေးပြေး၊ ဤသုံးပါး၊ ခေါ်ပြား ပဗ္ဗဇ္ဇာ။
၃၇၀။ တိုက်တွင်းဝယ်တိ၊ သံဃာရှိ၊ ပန်ဘိ ဆံရိတ်မှာ။

### သင်္ကန်းပေးခြင်း

၃၇၁။ ဥပဇ္ဈာယ်ဆရာ၊ အင်္ဂါညီလှ၊ ဆယ်ဝါရ၊ ပေးကြသင်္ကန်းမှာ။
၃၇၂။ ခိုင်းစေတုံလတ်၊ ကိုယ်စားမှတ်၊ ပြုအပ်ထေရ်ငယ်မှာ။

### သရဏဂုံပေးခြင်း

၃၇၃။ ဥပဇ္ဈာယ်ဆရာ၊ အင်္ဂါညီမှ၊ ဆယ်ဝါရ၊ ပေးကြ သရဏာ။
၃၇၄။ နိဂ္ဂဟိတန်၊ မ ကာရန်၊ နှစ်တန် ပေးနည်းလာ။
၃၇၅။ ဌာန် ကရဏ၊ ပယတ် ကျ၊ ပြီသ လိုလှစွာ။
၃၇၆။ ဆရာလည်းပြီ၊ တပည့်ပြီ၊ စုံညီကြမှသာ။
ရှင်ပြုခန်း အမြွက်ပြီး၏။

-----------------

## ၂၇။ ဥပသမ္ပဒကံ

### ဝတ္ထုသမ္ပတ္တိ

၃၇၇။ ဝတ် ဥတ် ကမ္မဝါ၊ သိမ် ပရိသာ၊ ငါးဖြာ သမ္ပတ္တိ။
၃၇၈။ ပဥ္စင်း မြောက်ရန်၊ အင် ငါးတန်၊ ပြန်လေ ဝိပတ္တိ။
၃၇၉။ ပဥ္စင်းလောင်းကို၊ ဝတ္ထုဆို၊ ထိုမှာ သံ ဝပ်ရှိ။
၃၈၀။ ဦနဝီသ၊ အန္တိမ၊ အဘဗ္ဗ၊ တစ်ဆယ့်တစ်။

၃၈၁။ ဆယ်သုံး ဝိပတ်၊ ကင်းစင်လတ်၊ အမြွတ် သမ္ဗုတ္တိ။

၃၈၂။ သန္ဒေတည်နေ့၊ စတုံ၍၊ ပြေ့စေ ဝီသတိ။

၃၈၃။ ခုနှစ်လ ဖွား၊ ဆယ်လ ဖွား၊ ထင်ရှား လူဝယ်ရှိ။

၃၈၄။ ဖွား သက္ကရာဇ်၊ ဆယ့်ကိုးနှစ်မှ၊ ငါးလ နှစ်လ၊ စွန်းတုံက၊
ဂဗ္ဘဝီသပြည့်။

၃၈၅။ ရက်သုံးဆယ်လ၊ ဆယ့်နှစ်လ၊ ဝဿ အမှန်သိ။

၃၈၆။ ဆယ့်ကိုး နှစ်ကို၊ ခြောက်လ ပို၊ ဝါဆို ထပ်သည့်တွက်။

၃၈၇။ လေးလ မျှတုံ၊ ယုတ်လျော့ကုန်၊ မစုံ လ အတွက်။

၃၈၈။ ယုတ် ပိုညှိက၊ ကျန် သေသ၊ နှစ်လ ခြောက်ရက်တွက်။

၃၈၉။ သုံးလ စွန်းက၊ ခုနစ် လ၊ ဂဗ္ဘဝီသပြည့်။

ဝတ္ထုသမ္ဗုတ္တိပြီး၏။

---

## ဥတ္တိ အနုဿဝန သမ္ဗုတ္တိ

## ဌာန် ကရိုဏ်း ပယတ်

၃၉၀။ ဝတ် သံ ပုဂ် ဥ တ်၊ မသုံးသပ်၊ ဥ တ်ကို နောက်မှထား။

၃၉၁။ ဥ တ္တိဝိပတ်၊ အင်ငါးရပ်၊ သမ္ဗုတ် အပြန်ငါး။

၃၉၂။ ကမ္မဝါလဲ၊ ဥ တ္တိနဲ၊ ခွဲလေ ဝိပ် သံ ငါး။

၃၉၃။ အက္ခရ ပဒံ၊ ယုတ်လျော့ ကျန်၊ ဆယ်တန် သဒ္ဒါမှား။

၃၉၄။ ကမ္မဝါမှာ၊ ကံပျက်ရာ၊ ဥ တ်မှာ ထိုနည်းလား။

၃၉၅။ ရင် လည် အာ အာ၊ သွား နှုတ် နှာ၊ ဖြစ်ရာ ဌာန် ခုနစ်။

၃၉၆။ လျှာလယ် လျှာဖျား၊ နီး အပါး၊ ဌာန်အား ကရိုဏ်းလေး။

၃၉၇။ ဖွင့်ပိတ် ခိုက်ထိ၊ စဉ်းငယ်ထိ၊ ပြုဘိ ပယတ်လေး။

၃၉၈။ က ခ ဂ ဃ ငါ၊ အ အာ ဟာ၊ အဋ္ဌ လည်ချောင်းဖြစ်။
(ကဏ္ဌဇ ရှစ်လုံး)

၃၉၉။ စ ဆ ဇ ဈ ဉ၊ ဣ ဤ ယ၊ အဋ္ဌ အာစောက်ဖြစ်။
(တာလုဇ ရှစ်လုံး)

၄၀၀။ ဋ ဌ ဍ ဎ ဏ၊ ရ နှင့် ဠ၊ သတ္တ အာခေါင်ဖြစ်။
(မုဒ္ဓဇ ခုနစ်လုံး)

၄၀၁။ တ ထ ဒ ဓ န၊ လ နှင့် သ၊ သတ္တ သွားမှာဖြစ်။
(ဒန္တဇ ခုနစ်လုံး)

၄၀၂။ ပ ဖ ဗ ဘ မ၊ ဥ ဦ မျှ၊ သတ္တ သွားမှာဖြစ်။
(ဩဋ္ဌဇ ခုနစ်လုံး)

၄၀၃။ ဝဂ္ဂန် ပဉ္စ၊ နိဂ္ဂဟိတ၊ ဆမှာ နှာခေါင်းဖြစ်။

၄၀၄။ လည် နှုတ် ဩ သာ၊ ဧ လည် အာ၊ ဝ မှာ သွား နှုတ်ဖြစ်။

၄၀၅။ ဝဂ္ဂန် ယ ရ လ ဝ၊ ယှဉ်သည့် ဟ၊ ဥရ ဌာန်၌ဖြစ်။

၄၀၆။ အာစောက် မဇ္ဈ၊ ခေါင် ပဂ္ဂ၊ ဒန္တ လျှာ ဖျား စပ်။

၄၀၇။ အ သံဝုဋ္ဌ၊ ကြွင်း သရ၊ သ ဟ ဝိဝဋ္ဋာ။

၄၀၈။ ဝဂ်မှာ ဖုဋ္ဌ၊ ယ ဝ မှန်၊ ဤသံဖုဋ္ဌ သာ။

ဌာန် ကရိုဏ်း ပယတ်ပြီး၏။

----------------

## ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါး

၄၀၉။ လျှော့ တင်း ရှည် တို၊ လေး ပေါ့ ဆို၊ ပိတ်သို လွှတ် စပ် ဖြတ်။

၄၁၀။ ပ တ သိထိ၊ ဝဂ်တွင်ရှိ၊ ဓနိ ဒု စ မှတ်။

၄၁၁။ ငါးလုံး ဒီဃ၊ သုံး ရဿ၊ ဂ လ နှစ် မည်တပ်။

၄၁၂။ သံယုပ် နိဂ္ဂဟိတ၊ နှောင်းပြန်က၊ ရဿ ဂရုမှတ်။
၄၁၃။ ဗိန္ဒုနိဂ္ဂဟိတ်၊ ခံတွင်းပိတ်၊ မပိတ် ဝိမုတ်မှတ်။
၄၁၄။ သမ္ဗန် သန္ဓိ၊ ပုဒ်ဖြတ် ဘိ၊ ဝဝတ္ထိတ မှတ်။
၄၁၅။ သိ ဓ နိဂ် ဝိ၊ ပြန်လှန်ဘိ၊ ပျက်၏ ဥ တ် ကမ္မဝါ။
၄၁၆။ ဒီ ရသ် ဂ လံ၊ ဝဝတ် သံ၊ ကံကို မဖျက်ရာ။

သာဝနံ ဟာပေတိအရကို ပြဆိုချက်ပြီး၏။

----------------

## သိမ်

၄၁၇။ ကမ္မ ပတ္တာ၊ မလာကြ၊ဆန္ဒ မဆောင်ဘိ။
၄၁၈။ မျက်မှောက်မြစ်တား၊ ဤသုံးပါး၊ ပျက်ငြား ဝိပတ္တိ။
၄၁၉။ နာနာ သံဝါသက၊ နှစ်မျိုးပြ၊ ကမ္မ လဒ္ဓိ ဒွိ။
၄၂၀။ ဥက္ခိတ် ကမ္မ၊ နုဝတ္တာ၊ လဒ္ဓ နာနာ သိ။
၄၂၁။ မရှု မကု၊ မစွန့်မှု၊ သုံးခု ဥက္ခိတ်ရှိ။
၄၂၂။ အယူကြိုက်လတ်၊ ပကတတ်၊ အမြတ် သီလရှိ။
၄၂၃။ နာနာ သံဝါသက၊ အန္တိမ၊ အ ပကတတ္တသိ။
၄၂၄။ ထိုမှကြွင်းလတ်၊ ပကတတ်၊ အမြတ်သီလရှိ။
၄၂၅။ ငါးပါး ပကတတ်၊ ဂိုဏ်း ပြည့်လတ်၊ ကမ္မ ပတ္တာသိ။
၄၂၆။ ဂိုဏ်း မပြည့်လာ၊ ဝိပတ် သာ၊ ပြည့်လာ သမ္ပတ္တိ။
၄၂၇။ ထိုမှ ကြွင်းထွေ၊ သိမ်တွင်းနေ၊ ထိုက်လေ ဆန္ဒ သာ။
၄၂၈။ ဆန္ဒ မလာ၊ ဝိပတ် သာ၊ လာလျှင် သမ္ပတ်ငြား။
၄၂၉။ မျက်မှောက် တားမြစ်၊ ဝိပတ်ဖြစ်၊ မမြစ် သမ္ပတ်ငြား။

ရဟန်းခံခန်း အမြွက်ပြီး၏။

---------------

## ၂၈။ နိဿယမုတ္တအင်္ဂါ

၄၃၀။ ငါးဝါ တွင်းဝယ်၊ ဥပဇ္ဈာယ်၊ မှီတွယ် မကင်းရာ။
၄၃၁။ ဖဲ ပြောင်း ထွက် သော၊ နှင်ထုတ်ချော၊ ငြိမ်းလေ နိဿယည်း။
၄၃၂။ ငါးဝါ ပြည့်မြောက်၊ ပါတိမောက် နှုတ်၊ ဥပုသ် ပဝါရဏာ၊ ကမ္မာ ကမ္မ၊ ကျေလည်က၊ လွတ်ထ နိဿယည်း။

နိဿယည်းမုတ္တကအင်္ဂါပြီး၏။

--------------------------------

## ၂၉။ ဥပဇ္ဈာယ် နိဿယည်း အမြွက်

၄၃၃။ ဆယ်ဝါရ လျှင်း၊ ဝိဘင်း နှစ်ဖြာ၊ နှုတ်တက်စွာ၊ ကမ္မာ ကမ္မသိ။
၄၃၄။ ဝတ်ခန္ဓက၊ ကျေပွန်လှ၊ မြောက်ထ ဥပဇ္ဈိ။
၄၃၅။ နိဿယည်း ဆရာ၊ ဥပဇ္ဈာ၊ အင်္ဂါ ထူးမရှိ။
၄၃၆။ ဝိနယ ဓရ၊ ပါမောက္ခ၊ ဂဏ ဓိဂတိ။
၄၃၇။ ရှင်ပြု တစ်တန်၊ ရဟန်းခံ နှင့်၊ ကံငယ် ကံကြီး၊ ဝိနည်း အရာ၊ အဖြာဖြာ၊ သူသာ စိုးရဘိ။
၄၃၈။ ရှင် ရဟန်းမွေး၊ ပြုစုရေး၊ လုပ်ကျွေး ခံထိုက်၏။

ဥပဇ္ဈာယ် နိဿယည်း အမြွက်ပြီး၏။

--------------------------------

## ၃၀။ သိမာဝိနိစ္ဆယ
## ဗဒ္ဓသိမ် အဗဒ္ဓသိမ်

၄၃၉။ ကြီးငယ် ကျိုး ရိပ်၊ အနိမိတ်၊ ဗဟိတ် တည်သမုတ်။
၄၄၀။ အိုင် သမုဒ် မြစ်၊ စပ် လွှမ်း လစ်၊ ဆယ့်တစ် သိမ်ပျက် ထုတ်။

၄၄၁။ ဗဒ္ဓါ ဗဒ္ဓ၊ သိမ်နှစ်ဝ၊ ဗဒ္ဓ ခဏ် မဟာ။

၄၄၂။ တိုက်ထောက် ခဏ္ဍ၊ တိုက်လုံးကျ၊ ဗဒ္ဓ သိမ်မဟာ။

၄၄၃။ နိမိတ် ကမ္မဝါ၊ ပရိသာ၊ သုံးဖြာ သံ ဝပ် လာ။

၄၄၄။ တောင် ကျောက် တော သစ်၊ မဂ် ရေ မြစ်၊ တောင်ရှစ် နိမိတ်လာ။

၄၄၅။ ဗာတ္တိံပလ၊ တင်လဲမျှ၊ လောက်ထ ကျောက်နိ မှာ။

၄၄၆။ ထွက်ရေ လောင်းရေ၊ ဤ နှစ်ထွေ၊ လောက်လေ ရေနိမှာ။

၄၄၇။ ကံပြီးရုံမျှ၊ တည်နေက၊ လောက်ထ ရေနိ သာ။

(ဗဒ္ဓအချင်းချင်း အဇ္ဈောတ္ထရ သမ္ဘိန္န သက်ရ)

၄၄၈။ ဗဒ္ဓသိမ်ချင်း၊ လွှမ်း စပ်ခြင်း၊ အလျှင်း မပြုရာ။

၄၄၉။ သိမ်မှီထိက၊ ကံပျက်ရ၊ သိမ သက်ရာ။

၄၅၀။ သိမ်ဟောင်းတစ်၊ ရှိ မရှိ၊ အသိ ခက်လှစွာ။

၄၅၁။ သိမ်မှီ ရောထ၊ သက်ရ၊ ကြောင့်ကြ စိုက်ဖို့ရာ။

ဗဒ္ဓသိမ်ခန်း အမြွက်ပြီး၏။

--------------

## ဂါမသိမ် သတ္တဗ္ဘန္တရသိမ် ဥဒကုက္ခေပသိမ်

၄၅၂။ ရွာနယ် မြို့နယ်၊ နိဂုံး နယ်၊ သိမ်နယ် သီးသီးသာ။

၄၅၃။ ဂါမ ကြီး၌၊ နယ်သီး ကွက်မှု၊ မင်းစိုးပြု၊ ဝိသုဂါမသာ။

ဂါမသိမ်အမြွက်ပြီး၏။

------------------

၄၅၄။ ရွာနယ် လွတ်လေ၊ တော တောင်မြေ၊ ယူလေ သတ္တဗ္ဘန္တရာ။

၄၅၅။ တောင် နှစ်ဆယ့်ရှစ်၊ အဗ္ဘန် တစ်၊ ခုနစ် ဆ နော ဇး။

၄၅၆။ ထုတ်ချင်း ခတ်မူ၊ နှစ် ပြန်ယူ၊ တောင်မူ ဒွိ နော တေး။
၄၅၇။ သံဃာ စွန်းမှု၊ ခုနစ် အန္တရာ၊ ယူမြဲသာ၊ သံဃာ ပွား တိုင်းပွား။

သတ္တဗ္ဗန္တရသိမ် အမြွက်ပြီး၏။

---------------

၄၅၈။ မြစ် သမုဒ္ဒရာ၊ ဇာတသရ၊ ရေနယ်ကျ၊ ဥဒကုက္ခေပါ။
၄၅၉။ မိုဃ်းမှန်ရွာက၊ မိုဃ်း လေးလတွင်း၊ သင်းပိုင် စွတ်လောက်၊ စီးတုံမြောက်၊ လောက်ပြီ မြစ်အင်္ဂါ။
၄၆၀။ မိုဃ်းခေါင်သော်လည်း၊ ဆောင်းနွေရောက်ဘိ၊ ရေမရှိ၊ သဲ တိမြစ်ပင်သာ။
၄၆၁။ လူ မပြုဘဲ၊ သူ့ အလိုဇာစ်၊ အင်း အိုင် ဖြစ်၍၊ မိုဃ်းခေတ် လေးလ၊ ရေတည်က၊ လောက်ထ ဇာတသာ။
၄၆၂။ ဆောင်း နွေရောက်ဘိ၊ ရေ မရှိ၊ ပကတိပင်သာ။
၄၆၃။ အားကုန်လွှဲ၍၊ ရေ သံ ကြဲ ပစ်၊ ကျရာခေတ်၊ သိမ်ဖြစ် ရေသောင်မှာ။
၄၆၄။ ရေပြင် န္တံ့ပြင်၊ ဖြစ်ခဲ့လျှင်၊ ထိုတွင် သိမ် ငြမ်းထား။
၄၆၅။ လေ့ ဖောင်နှင့်သာ၊ ပြုကြရာ၊ ကမ်းမှာ မချည်ရ။

ဥဒကုက္ခေပသိမ် အမြွက်ပြီး၏။

---------------

## အဗဒ္ဓချင်း အဇ္ဈောတ္ထရဏ သမ္ဗန္ဓ သက်ရ

၄၆၆။ ဂါမ နှင့် သတ်၊ ဥ ရောလတ်၊ မအပ် ကံပျက်ကြ။
(ဗဒ္ဓနှင့် အဗဒ္ဓ အဇ္ဈောတ္ထရဏ သမ္ဗန္ဓ သက်ရ)
၄၆၇။ ဂါမ နှင့် ဗဒ်၊ လွှမ်း စပ် ရောဘိ၊ ပြစ် မရှိ၊ နိဿိ နိဿယ။

၄၆၈။ ဗဒ္ဓနှင့် သတ်၊ ဥ ရော လတ်၊ သုံးရပ် အပြစ်ရ။

သိမ်ခန်း အမြွက်ပြီး၏။

-------------

## ၃၁။ ဥပုသ် ပဝါရဏာ

## ပုဗ္ဗကရဏ လေးပါး

၄၆၉။ တံမြက် နေရာ၊ ရေ နှစ်ဖြာ၊ ညဉ့်မှာ ဆီမီးလေး။

၄၇၀။ ပုဗ္ဗကရဏ၊ အမည်ရ၊ မဆွ ပြုအပ်သေး။

ပုဗ္ဗကရဏ လေးပါးပြီး၏။

----------------

## ပုဗ္ဗကိစ္စ ငါးပါး

၄၇၁။ ဆန္ဒ ပါရိ၊ သုဒ္ဓိ ဥတု၊ ဘိက္ခု ဂဏန၊ ဩဝါဒ၊ ပုဗ္ဗကိစ္စရေး။

၄၇၂။ ဥပုသ် ပဝါရဏာ၊ ရှေး၌သာ၊ ထိုက်ရာ ပြုအပ်သေး။

၄၇၃။ ဆန္ဒ ပါရိ၊ သုဒ္ဓိ နှစ်ပါး၊ ပေး ဆောင် ကြား၊ ကံအား လျော်ကန်စွာ။

၄၇၄။ သိမ်အပြင်၌၊ သဃ်ာရှိမှ၊ ထိုကိစ္စ၊ ပြုကြ စဉ်အလာ။

၄၇၅။ သံဃာ့ ဟတ္ထပါသ်၊ မဝင်လတ်၊ ပေးအပ် ထိုသုံးဖြာ။

၄၇၆။ ဥပုသ် မိမိ၊ မပြီးရှိ၊ ပါရိသုဒ္ဓိပေး။

၄၇၇။ ပဝါရဏာ၊ လိုသေးပါ၊ ပဝါရဏာ ပေး။

၄၇၈။ ဥပုသ် ပဝါရဏာ၊ ပြုပြီးမှန်၊ ဆန္ဒ ကိုသာပေး။

၄၇၉။ ဆန္ဒ ပေးမှာ၊ သူ့ ဖို့သာ၊ ကြွင်းမှာ နှစ်ပါးရေး။

၄၈၀။ ဆန္ဒ ပါရိ၊ ဆန္ဒ ပဝါရဏာ၊ အစုံမှာ၊ နှစ်ဖြာစိတ်ချရေး။

ဆန္ဒပေးပုံ = ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ။

ဆန္ဒရှောင်ပုံ= အာမ ဘန္တေ (ပေးသူ ဆောင်သူ သုံးကြိမ်စီဆို)

ပါရိသုဒ္ဓိပေးပုံ= ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရေစေဟိ။

ပါရိသုဒ္ဓိဆောင်ပုံ= အာမ ဘန္တေ (ပေးသူ ဆောင်သူ သုံးကြိမ်စီဆို)

ပါရိသုဒ္ဓိပေးပုံ= ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေဟရ၊ ပါရိသုဒ္ဓိံ မေ အာရေစေဟိ။

ပါရိသုဒ္ဓိဆောင်ပုံ= အာမဘန္တေ (ပေးသူ ဆောင်သူ သုံးကြိမ်စီဆို)

၄၈၁။ ဆောင်သူမှာလည်း၊ သံဃာဟတ္ထပါသ်၊ ချောစွာကပ်၊ ကြားအပ် မနှောင့်နှေး။

## ဆန္ဒ ပါရိသုဒ္ဓိ လျှောက်ကြားပုံ

ဆန္ဒကြားပုံ= တိဿနာမေန ဘန္တေ ဘိက္ခုနာ ဆန္ဒော ဒိန္နော။ (သုံးကြိမ်ဆို)

သံဃာအများက= သာဓု သာဓု သာဓု။ (ဆိုကြရမည်။)

ပါဝါရဏာပေးပုံ= ပဝါရဏံ ဒမ္မိ၊ ပဝါရဏံ မေဟရ၊ ပဝါရဏံ မေ အာရောစေဟိ၊ မမတ္ထာယ ပဝါရေဟိ။

ပဝါရဏာဆောင်ပုံ= အာမဘန္တေ။ (ပေးသူ၊ ဆောင်သူ သုံးကြိမ်စီဆို)

## ပဝါရဏာ ပေးသူကိုယ်စား ပဝါရဏာပြုပုံ

တိဿော ဘန္တေ ဘိက္ခု သံဃံ ပဝါရေတိ ဒိဋ္ဌေနဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု တံ သံဃော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿတိ။ (သုံးကြိမ်ဆို)

၄၈၂။ ဥတု မာသ၊ ပက္ခ တိထိ၊ အစဉ်မှီ၊ ပြီးပြီ လျှောက်ကြားရေး၊
၄၈၃။ ရဟန်းတွက်ရေ၊ ကြားမြဲပေ၊ လျှောက်လေ ဩဝါရေး။

ပုဗ္ဗကိစ္စ ငါးပါးပြီး၏။

------------

## ပတ္တကလ္လအင်္ဂါလေးပါး

၄၈၄။ ပတ္တကလ္လံ၊ အင်လေးတန်၊ သိရန် ကြားကြသေး။
၄၈၅။ ဥပုသ်နေ့ကြိုက်၊ သိမ်ပြင်၌၊ ကံထိုက် သံဃာညီ။
၄၈၆။ သဘာဝါ ပတ်၊ မရှိလတ်၊ ကင်းလွတ် ဝဇ္ဇနီ။
၄၈၇။ ပတ္တကလ္လာ၊ အင်လေးဖြာ၊ ညီခါ ကံပြုပြီ။
၄၈၈။ သုံး ဥက္ခိတ္တာ၊ အန္တိမ၊ ကြဉ်က ကံထိုက်ပြီ။
၄၈၉။ ဟတ္ထပါသ၊ ကပ်တုံက၊ ကာယ သာမဂ္ဂီ။
၄၉၀။ ဆန္ဒ လာရောက်၊ မျက်မှောက် ရှိကြ၊ မမြစ်က၊ စိတ္တ သာမဂ္ဂီ။
၄၉၁။ ကိုယ် စိတ် နှစ်ဖြာ၊ ညီညွတ်လာ၊ သံဃာ ညီညွတ်ပြီ။
၄၉၂။ လူ ဘိ သိက် သာ၊ သာ သိက္ခာ၊ ပါရာ ဥက္ခိတ်တည်း။
၄၉၃။ ပဏ် ထေ ပက် စွာန်၊ ပဉ္စာနန်၊ ဒူသံ ဥဘောဗျည်း
၄၉၄။ ဟတ္ထပါသ် မှ၊ ကြဉ်ပယ်ရ၊ ဧကဝီသ တည်း။

ပတ္တကလ္လအင်္ဂါ လေးပါးပြီး၏။

----------------

## ဥပေါသထ ဘေဒ

၄၉၅။ အစင်ဆေးရိုး၊ ဥပုသ် ကိုး၊ သုံးမျိုး သုံးထွေ ပြား။

၄၉၆။ သံဃ ဂဏ၊ ပုဂ္ဂလ၊ သုံးဝ ပြုသူပြား။

၄၉၇။ သုတ္တုဒ္ဒေသာ၊ ပါရိသုဒ္ဓိ၊ အဓိဋ္ဌာန်ဘိ၊ ကြိ ပြုပုံပြား။

၄၉၈။ စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ၊ သုံးလီ နေ့အပြား။

၄၉၉။ ပါတိမောက်သုတ်၊ ရွတ်ဖော်ထုတ်၊ သုတ္တုဒ္ဒေသပြား။

၅၀၀။ နိဒါန်း ပါရာဇိ၊ သံဃာဒိ၊ အနိ ဝိတ္ထာရာ။

၅၀၁။ ပါတိမောက်သုတ်၊ ငါးခန်း ထုတ်၊ သရုပ် ဖော်ပြရာ။

၅၀၂။ အကျဉ်း အကျယ်၊ သုတ္တုဒ်ဝယ်၊ ငါးသွယ် အပြားလာ။

၅၀၃။ မီး မင်း ခိုးသူ၊ မိုယ်းရေ လူ၊ ဘီလူး သားရဲ မြွေ။

၅၀၄။ အသက် ဖြဟ္မ၊ စရိယ၊ ဒသ အန္တရေ။

၅၀၅။ အချင်းချင်း ကြား၊ သံဃာ ကြား၊ နှစ်ပါး ပါရိမှာ။

၅၀၆။ နှစ်ပါး သုံးပါး၊ ချင်းချင်း ကြား၊ နည်းများ သံဃာမှာ။

၅၀၇။ ဓမ္မာ ဓမ္မ၊ သမဂ္ဂ၊ ဝဂ္ဂ လေးမျိုးဖြာ။

ဥပုသ်အပြား ပြီး၏။

--------------

## ပဝါရဏာ ဘေဒ

၅၀၈။ သံဃ ဂဏ၊ ပုဂ္ဂလ၊ သုံးဝ ပဝါရဏာ။

၅၀၉။ တေ ဒွေ ဧကော၊ ဝါစိက နှင့်၊ သမာန ဝဿံ၊ ဤလေးတန်၊
ဆိုဟန် ပြားသည်သာ။

၅၁၀။ တေ ဒွေ ဧကော၊ သမာန၊ သံဃ ပဝါရဏာ။

၅၁၁။ စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ၊ သုံးလီ နေ့တွက်မှာ။

၅၁၂။ နှစ် သုံး လေးပါး၊ ဂဏ ထား၊ ငါးပါး သံဃာသာ။

၅၁၃။ အကြွင်းဆိုဖွယ်၊ ဥပုဒ်နှယ်၊ သွယ်သွယ် ခွဲစိတ်ဖြာ။

ပဝါရဏာ အပြားပြီး၏။

---

## ၃၂။ ဥပုသ် ပဝါရဏာပြုပုံ

### ပုဂ္ဂလ အဓိဋ္ဌာန်ပြုပုံ

၅၁၄။ တစ်ပါးတည်းသာ၊ နေသူမှာ၊ ပြုပါအဓိဋ္ဌာန်။

**စာတုဒ္ဒသီနေ့ အဓိဋ္ဌာန် ဥပုသ်ပြုပုံ**

အဇ္ဇ မေ ဥပေါသထော စတုဒ္ဒသော အဓိဋ္ဌာမိ။

**စာတုဒ္ဒသီနေ့ အဓိဋ္ဌာန် ပဝါရဏာပြုပုံ**

အဇ္ဇ မေ ပဝါရဏာ စာတုဒ္ဒသီ အဓိဋ္ဌာမိ။

**ပန္နရသီနေ့ အဓိဋ္ဌာန် ပဝါရဏာပြုပုံ**

အဇ္ဇ မေ ပဝါရဏာ ပန္နရသီ အဓိဋ္ဌာမိ။

ပုဂ္ဂလ အဓိဋ္ဌာန် ဥပုသ်၊ ပဝါရဏာပြုပုံ ပြီး၏။

---

### ပါရိသုဒ္ဓိ ဥပုသ်ပြုပုံ

၅၁၅။ နှစ်ယောက်မူကား၊ ဉတ်မထား၊ သုံးပါးဉတ္တိကံ။

### နှစ်ပါး ပါရိသုဒ္ဓိ ဥပုသ်ပြုပုံ

**ထေရ်ကြီး** ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေဟိ။

**ထေရ်ငယ်** ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ။

(သုံးကြိမ်စီဆို၊ အပြန်အလှန် သာဓုသုံးကြိမ်စီဆိုလေ။)

## သုံးပါး ပါရိသုဒ္ဓိ ဥပုသ် ဥ တ်ထား၍ ပြုပုံ

**ဥ တ္တိပါဠိ** သုဏန္တု မေ အာယသ္မန္တာ အဇ္ဇုပေါသထော စာတုဒ္ဒသော ယဒိ ယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ။ ။

**ထေရ်ကြီး** ပရိသုဒ္ဓေါ အဟံ အာဝုသော စသည်သုံးကြိမ်ဆို

**ထေရ်ငယ်** ပရိသုဒ္ဓေါ အဟံ ဘန္တေ စသည် သုံးကြိမ်ဆိုလေ။ (အပြန်အလှန် သုံးကြိမ်ဆိုလေ။)

ပါရိသုဒ္ဓိ ဥပုသ်ပြုပုံ ပြီး၏။

---

## သံဃ ဥပုသ်ပြုပုံ

၅၁၆။ ပါတိမောက္ခ၊ ရွတ်ဆိုပြ၊ သံဃ ဥပုသ်မှာ။

၅၁၇။ နှစ် ဥဒ္ဒေသ၊ ထေရ်ကြီး ရ၊ ထေရ ပိုင်သည်သာ။

၅၁၈။ ပြလို့ ပြမှု၊ တိုက်တွန်းမှု၊ ပြုထိုက်တော့သည်သာ။

### သံဃာ့ထေရ်ကြီးအား တိုက်တွန်းပုံ

သံဃော ဘန္တေ ထေရံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု၊ ဘန္တေ ထေရော ပါတိမောက္ခံ။ (သုံးကြိမ်ဆို၍ တောင်းပန်။)

၅၁၉။ နှစ် ဥဒ္ဒေသ၊ မရ က၊ ရသူ ပိုင်သည်သာ။

### နှစ် ဥဒ္ဒေသရသူအား တိုက်တွန်းပုံ

သံဃော ဘန္တေ အာယသမန္တံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု ဘန္တေ အာယသ္မာ ပါတိမောက္ခံ။ (သုံးကြိမ်ဆို ၍တောင်းပန်။)

၅၂၀။ အန္တရာယ်ကင်းပ၊ အကျယ် ရ၊ ပြပေ အကျယ်သာ။

၅၂၁။ အန္တရာယ်နှင့်၊ အကျယ်မရ၊ အကျဉ်းမျှ၊ ပြနည်း ထွေ ထွေလာ။

၅၂၂။ ကြွင်းကျန်သမျှ၊ ဥဒ္ဒေသ၊ သုတ သိမ်းမြဲလာ။

ဥပုသ်အပြားပြီး၏။

-----------

## ပဝါရဏာ အပြား

### နှစ်ပါး ပဝါရဏာပြုပုံ

**ထေရ်ကြီး** အဟံ အာဝုသော အာယသ္မန္တံ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ။ (သုံးကြိမ်ဆို)

**ထေရ်ငယ်** (အာဝုသော-တွင်-ဘန္တေ-ဟုပြင်ဆိုရုံမျှသာထူး၏)

### သုံးပါး ပဝါရဏာပြုပုံ

**ဉတ္တိပါဠိ** သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ အာယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ။

(တစ်ဆယ့်လေးရက်ဖြစ်လျှင် ပန္နရသီတွင် စာတုဒ္ဒသီ ဟုပြင်လေ။)

### ပဝါရဏာပြုပုံ ပါဠိ

**ထေရ်ကြီး** အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ (သုံးကြိမ်ဆိုလေ)။

(ထေရ်ငယ်မှာ အာဝုသော တွင် ဘန္တေ ဟု ပြင်ဆိုရုံမျှသာထူး၏။)

## လေးပါး ပဝါရဏာပြုပုံ

(လေးပါး ပဝါရဏာပြုရာတွင် ဥတ္တိပါဌ် ပဝါရဏာပါဌ်တို့မှ အာယသ္မန္တော ဟုပြင်ဆိုရုံမျှသာထူး၏။)

## ငါးပါးမှစ၍ သံဃပဝါရဏာပြုပုံ

**သာမညဥတ္တိပါဌ်** သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ။

(တစ်ဆယ့်လေးရက်ဖြစ်လျှင် ပန္နရသီတွင် စာတုဒ္ဒသီ ဟုပြင်ဆိုလေ။)

## ပဝါရဏာပါဌ်ကို သုံးကြိမ်ဆိုလျှင်

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တေဝါစိကံ ပဝါရေယျ။

(အန္တရာယ်စသည်ရှိ၍ နှစ်ကြိမ်မျှသာ ပဝါရဏာပါဌ်ကို ရွတ်ဆိုလိုလျှင် တေဝါစိကံတွင် ဒွေဝါစိကံ ဟူ၍လည်း တစ်ကြိမ်မျှသာ ရွတ်ဆိုလိုလျှင် ဧကဝါစိကံဟူ၍လည်း ကောင်း ပြင်ဆိုလေ၊ ဝါတူချင်း စုပေါင်း ရွတ်ဆိုလိုလျှင် သမာနဝဿိကံ ဟုပြင်ပါလေ။)

## ပဝါရဏာပါဌ်

**ထေရ်ကြီး** သံဃံ အာဝုသော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ (သုံးကြိမ်ဆို)

**ထေရ်ငယ်ဖြစ်မူ** (အာဝုသော နေရာတွင် ဘန္တေဟု ပြင်ဆိုရုံမျှသာ ထူး၏၊ အချင်းချင်း အပြန်အလှန် သာဓုသုံးကြိမ်စီ ဆိုကြပါကုန်။)

ဥပုသ် ပဝါရဏာပြီး၏။

------------

## ၃၃။ ဝါဆိုခန်း

၅၂၃။ ပုရိမိကာ၊ ပစ္ဆိမာ၊ နှစ်ဖြာ ဝါကပ်နည်း။

၅၂၄။ ဝါနှစ် လတွင်၊ လဆုတ် တစ်ရက်၊ ဝါကပ် ရက်၊ နှစ် ချက်စဉ်တိုင်းတည်း။

၅၂၅။ ဝါကပ် ကြုံတွေ့၊ တစ်လ ရွှေ့၊ ရွှေ့သို့တိုးသတည်း။

၅၂၆။ လှည်း လှေ နှစ်ဖြာ၊ နွားခြံ မှာ၊ ဝါကပ် ရသတည်း။

၅၂၇။ ရွာ၌ ကပ်ရာ၊ ရွာ သွားရာ၊ မကွာ လိုက်သတည်း။

၅၂၈။ ဝစီ ဘေဒ၊ အာလယ၊ ဒွယ ဝါကပ်နည်း။

၅၂၉။ စကားပြည့်စုံ၊ မပြည့်စုံ၊ နှစ်ပုံ နှုတ်မြွက်နည်း။

**<u>ဝါကပ်ဆိုပုံပါဠိ</u>**

ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ။
(သုံးကြိမ်ဆိုလေ)

၅၃၀။ ဝဿ ရတ္တိ၊ ဆေဒ ဒွိ၊ ကြောင်းရှိ အသီးသီး။

၅၃၁။ သုံးဆယ့်နှစ်သာ၊ ပါဠိ လာ၊ ဝါပြတ် အကြောင်းတည်း။

၅၃၂။ ညဉ့် ပြတ် ကြောင်းကား၊ အလွန်များ၊ ထင်ရှား ကျမ်းဂန် လာ။

၅၃၃။ သီတင်းသုံးဖော်၊ မိဘသော်၊ မခေါ်သွားထိုက်ပါ။
၅၃၄။ ထို့ပြင်သေသ၊ ကြွင်းသမျှ၊ ပင့်မှသွားထိုက်ရာ။
၅၃၅။ ကပ္ပိယ စကား၊ ပါရှိငြား၊ သွားအပ် သည်ချည်းသာ။
၅၃၆။ လဆန်း ကိုးရက်၊ ဝါပန်ထွက်၊ ပြန်ရက်မရှိပြီ။
ဝါဆိုခန်းပြီး၏။

---------

## ၂၄။ ကထိန်ခန်း

## ကထိန်ခင်းနည်း

၅၃၇။ ထိုတိုက်ထဲ၌၊ ခိုင်မြဲစွာလှ၊ စီဝရ တွက်၊ ကြောင့်ကြစိုက်ထား၊ အနက်သွား၊ ခေါ်ငြား ကထိနာ။
၅၃၈။ မိုဃ်းနောက်ဆုံးလ၊ ကထိန်ကျ၊ ခင်းရ ထိုအခါ။
၅၃၉။ ဤတိုက်တွင်းမှာ၊ ဝါ ပဌမ၊ ကျွတ်သူမှ၊ ခင်းရပုဂ္ဂိုလ်မှာ။
၅၄၀။ ခံ ရွေး ပေး နှင်း၊ စွန့် ထိုးခြင်း၊ တင် ခင်း နှုမောဒါ။

## ကထိန်သင်္ကန်းကပ်လှူပုံ

* ဣမံ စီဝရံ ကထိနတ္ထာယ သံဃဿ ဒမ္မိ။
* ဣမိနာ စီဝရန ကထိနံ အတ္ထရထ။

## ပစ္စုဒ္ဓိုရ်ပြု စွန့်ပုံ

* ဣမံ စီဝရံ ပစ္စုဒ္ဓရာမိ။

## သင်္ကန်းအဓိဋ္ဌာန်တင်ပုံ

**ဒုကုဋ်ဖြစ်အံ့** ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။
**ကေသီဖြစ်အံ့** ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။

**<u>သင်းပိုင်ဖြစ်အံ့</u>** ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ။

## <u>ကထိန်ခင်းပုံ</u>

**<u>ဒုကုဋ်ဖြစ်အံ့</u>** ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ။
**<u>ကောသီဖြစ်အံ့</u>** ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ။
**<u>သင်းပိုင်ဖြစ်အံ့</u>** ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ။

## <u>အနုမောဒနာတောင်းပန်ရန်</u>

အတ္ထတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ။ (သုံးကြိမ်ဆိုလေ)
**မထေရ်ငယ်ဖြစ်မူ** (အာဝုသော နေရာတွင် ဘန္တေ ဟုပြင်ဆို။)

## <u>သံဃာမှအနုမောဒနာပြုရန်</u>

အတ္တတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒါမ။ (သုံးကြိမ်ဆို)

ကထိန်ခင်းနည်းပြီး၏။

---

## မာတိကာရှစ်ပါး

၅၄၁။ ပုဗ္ဗကရဏံ၊ ပစ္စုဒ္ဓါ၊ ဓိဋ္ဌာန် အတ္ထာရ။
၅၄၂။ မာတိ ဗောဓံ၊ ဥဒ္ဒါရံ၊ နိသံ အင်ရှစ်ဝ။
၅၄၃။ လျှော် စီ ဖြတ် တဲ၊ ချုပ် ဆိုး နဲ၊ ထိုးမြဲ ခွန် ပုဗ္ဗ။
၅၄၄။ ပစ္စုဒ္ဒါရံ၊ အဓိဋ္ဌာန်၊ ခင်းပြန် အတ္ထာရ။
၅၄၅။ ဖဲသွား ပြီး ပြေ၊ ဆုံးဖြတ်ထွေ၊ ပျောက်လေ နှုတ်ပြီကြား။
၅၄၆။ အာသာပြတ်တုံ၊ ဆောင်းလကုန်၊ နှုတ်ကြုံ မာရှစ်ပါး။

မာတိကာရှစ်ပါးပြီး၏။

၅၄၇။ သက်န်းနှင့်စပ်၊ ကျောင်းနှင့်စပ်၊ နှစ်ရပ် ဗောဓပြော။

၅၄၈။ အန္တရုဗ္ဗာ၊ သုဟုဗ္ဗာ၊ နှစ်ဖြာ နှုတ်ခြင်းပြား။

၅၄၉။ နိသင် ငါးမှာ၊ ရှေး၌သာ၊ သေချာ ပြပြီးငြား။

ကထိန်အမြွက်ပြီး၏။

------------

## နိဂုံးနှင့်ပတ္ထနာ

၁။ ငါးရာ့ငါးဆယ်၊ လင်္ကာချယ်၊ ဤဝယ် ပြီးကဗျာ။

၂။ ဝိနယ သံခိပ်၊ ဘွဲ့တံဆိပ်၊ ခတ်နှိပ် မည်သညာ။

၃။ မုံရွာ လယ်တီ၊ တောရပ် မှီ၊ မထေရ် ဉာဏ်ဓဇာ။

၄။ နေ့ာ ဆ ဒွေကာ၊ ဝါခေါင်လ၊ ပြီးထ ဤကျမ်းစာ။

၅။ လိုရင်းအကုန်၊ အကျဉ်းချုံ၊ နှုတ်ငုံ သူတို့မှာ။

၆။ ဝိနယ ရေ၊ ပါမောက္ခ၊ အမျှ ကိုးကွယ်ရာ။

၇။ ကျမ်းပြုပါရ၊ ဤပုညကြောင့်၊ ဒုက္ခခပ်သိမ်း၊ ငြိမ်းစေခလို၊ ဆုပန်ဆို၊ ဗိုလ်လူ သတ္တဝါ။

၈။ အနာမျိုးကင်း၊ မိုးမင်းသည်းထန်၊ နိုင်ငံခပ်သိမ်း၊ တရားထိန်း၊ ငြိမ်းစေ အဖြာဖြာ။

၉။ ရှစ်သောင်းလေးထောင်၊ တရားရောင်လည်း၊ မိုက်မှောင်ပယ်ထွန်း၊ ထိန်ထိန်ရွှန်း၊ ထွန်းစေ သာသနာ။

နိဂုံးနှင့်ပတ္ထနာပြီး၏။

**ဝိနယသံခိပ်လက်စွဲကျမ်း ဤတွင်ပြီး၏။**

--------- * ---------